ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့၊ (27-6-2005) (၄၆၃၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနား တက်ရောက်

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်လာကြသော သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ကြေးမုံ)

ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြစဉ်။ (ကြေးမုံ)

မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅) နှစ်စီမံကိန်း

ပထမ (၅) နှစ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်

ဒုတိယ (၅) နှစ် စီမံကိန်းအောင်မြင်ရေး အစွမ်းကုန်ကြိုးပမ်းမည်

ရန်ကုန် ဇွန် ၂၆

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကို ယနေ့နံနက် ၇နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

Internent(27) 1 6/27/05, 1:00 AM

ကြေးမုံ The Mirror

၂၇-၆-၂၀၀၅
(တနင်္လာနေ့)

မိုးစပါးဧက လျာထားချက်ပြည့်မီကျော်လွန်ရေး ပေါင်းစပ်ညှိနှိုင်း ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အကောင်အထည်ဖော်နေသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဒေသဝမ်းစာဖူလုံရုံမျှမက ပိုလျှံရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ သီးနှံအထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာသာမက သဘာဝမြေဩဇာကိုပါ ပူးတွဲသုံးစွဲခြင်းတို့အပြင် စိုက်စနစ်မှန်ကန်ရေးနှင့် သီးနှံအလိုက် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးတို့ကိုပါ ကြိုးပမ်းဖော်ဆောင်နေသည်။

စပါး၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာနှင့်အစေ့ထုတ်ပြောင်း သီးနှံ၁၀မျိုး တစ်ဧကအထွက်တိုးရေးအတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

၂၀၀၅-၂၀၀၆ ခုနှစ် မန္တလေးတိုင်း မိုးစပါးလျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၂၂ ရက်က မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

မန္တလေးတိုင်း ဝမ်းစာစပါး ဖူလုံစေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ မိတ္ထီလာခရိုင်ကို အထူးစီမံကိန်းချမှတ်လျက် မန္တလေးတိုင်း၌ သုံးနှစ်အတွင်း မိုးစပါးဧက ၁၀သိန်းပြည့်မီအောင် လျာထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းအတွင်း မိုးစပါးဧက ၁၀ သိန်းပြည့်မီရေးအတွက် ခရိုင်အလိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြရာ ရမည်းသင်းခရိုင်၌ ၂၀၀၄-၂၀၀၅ ခုနှစ်မှစတင်ကာ သုံးနှစ်စီမံကိန်းဖြင့် လယ်ယာမြေများတိုးချဲ့ဖော်ထုတ်နေသည်။

မိတ္ထီလာခရိုင်တွင် ၂၀၀၄-၂၀၀၅ ခုနှစ်က မိုးစပါး ၁၁၂၂၄ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်၌ သတ်မှတ်မိုးစပါးဧက ပြည့်မီရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ ပြုပြင်ဆောင်ရွက်နေသည်။ ထို့အတူ ကျောက်ဆည်ခရိုင်တွင် သတ်မှတ်လျာထားဧက ပြည့်မီစေရန် ဆည်ရေ၊ မြစ်ရေတင်၊ မိုးကောင်းသောက်နှင့် အခြားနည်းလမ်းများ အသုံးပြုကာ စိုက်ပျိုးရေ ရရှိရေးကြိုးပမ်းနေသည်။

ထို့အပြင် မိုးစပါးသတ်မှတ်လျာထားချက်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် ပြင်ဦးလွင်ခရိုင်တွင် မြေအမျိုးအစားအလိုက်ခွဲခြားစိုက်ပျိုးမည့် အစီအစဉ်ကိုလည်းကောင်း၊ မြင်းခြံခရိုင်တွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများမှ ရေကို နည်းမျိုးစုံဖြင့် ရယူသုံးစွဲမည့် အစီအစဉ်ကိုလည်းကောင်း၊ ညောင်ဦးခရိုင်တွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေဖြင့် သတ်မှတ်မိုးစပါးဧကထက်ကျော်လွန်၍ စိုက်ပျိုးရေးအတွက် လည်းကောင်း၊ မန္တလေးခရိုင်တွင်လည်း မိုးစပါးသတ်မှတ် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးရေးအတွက်လည်းကောင်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မန္တလေးတိုင်းအနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ၁၀ သိန်းပြည့်မီရေးအတွက် ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်ကြိုးပမ်းခဲ့ရာ ယခု ၂၀၀၅-၂၀၀၆ ခုနှစ်၌ မိုးစပါးဧက ၈၇၄၆၀၀ ကျော် သတ်မှတ်လျာထား ဆောင်ရွက်နေသည်။

ယင်းသို့ သတ်မှတ်လျာထားသည့် မိုးစပါးဧက ပြည့်မီစေရေးအတွက် တိုင်းအတွင်း ဆည်ငယ်၊ ကန်ငယ်များ ဖော်ထုတ်ခြင်း၊ ရေရရှိအောင် ဆောင်ရွက်ခြင်း၊ လယ်မြေသစ်များ ဖော်ထုတ်ခြင်းနှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်မည့် အစီအမံများ ချမှတ်ထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မန္တလေးတိုင်းတွင် သုံးနှစ်အတွင်း မိုးစပါးဧက ၁၀ သိန်း လျာထားချက်ပြည့်မီကျော်လွန်ရေး၊ ဒေသဝမ်းစာ ဖူလုံပိုလျှံရေးအတွက် တာဝန်ရှိသူ အသီးသီးတို့က ပေါင်းစပ်ညှိနှိုင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဲအင်းဂူ ပရိယတ္တိ စာသင်ပျိုးခင်း ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ပရိယတ္တိစာသင်ပျိုးခင်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇွန် ၂၃ ရက်က အဆိုပါ ကျောင်းတိုက်ရှိ အရိယာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃာ့ဗဟိုဝန်ဆောင် ကိုးလုံးကွင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဒိစ္စက ဩဝါဒကထာ မြွက်ကြားသည်။ ထို့နောက် ဒေ့ပရိသတ်များက အလှူငွေများ လှူဒါန်းပြီး ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းတင်က ကျေးဇူးတင်စကား ပြောကြားသည်။ စလင်း ဆရာတော် ဘဒ္ဒန္တကုသလနှင့် သဲအင်းဂူဆရာတော် ဘဒ္ဒန္တသိလာသတို့က သမ္မောဒနီယကထာတော်များ မြွက်ကြားပြီး လှူဒါန်းငွေ ကျပ် ၃၅ သိန်းနှင့် လှူဖွယ်ပစ္စည်းအစုစုတို့အတွက် ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိဒ္ဒက ရေစက်သွန်းချ အမျှပေးဝေသည်။

သဲအင်းဂူ ပရိယတ္တိ စာသင်ပျိုးခင်းအတွက် လှူဒါန်းလိုသူများ ဖုန်းအမှတ်-၀၁-၆၂၀၀၁၉ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေးကြပ်မတ်

ရန်ကုန် ဇွန် ၂၆

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဒုတိယအဖွဲ့ခေါင်းဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့သည် အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗိုးတက်)တို့ ပါရှိခြင်း ရှိ-မရှိနှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်း ရှိ-မရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ ဖတ်ကြားစဉ်။ (၆၃)

မွေးနေ့မင်္ဂလာနှင့် ကျောင်းရေစက်ချသဘင် ကျင်းပမည်

ရန်ကုန် ဇွန် ၂၆

မကွေးတိုင်း ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်း ရတနာဘုမ္မိကျောင်းတိုက်တွင် ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့၌ ပခန်းကြီးစည်သူရှင် ဆရာတော် ဘဒ္ဒန္တပညိန္ဒ၏ သက်တော် (၈၄)နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဂုဏာပူဇာသဘင်၊ ကျောင်းရေစက်ချသဘင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညို ပူဇော်နိုင်ကြောင်းသိရသည်။ (က-ပ)

အသည်းရောင်အသားဝါ ဟောပြောမည်

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)က ကြီးမှူး၍ အသည်းရောင်အသားဝါရောဂါနှင့် ပတ်သက်၍ ဟောပြောပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီမှ ၂နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်သည်။ ယင်းဟောပြောပွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါဌာန ပါမောက္ခ ဦးခင်မောင်ဝင်းက "Current Concepts on Management and Prevention of Hepatitis B" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ၊ ဆေးကျောင်းသား၊ ကျောင်းသူများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများအောင်မြင်

ဒေသအတွင်း၊ ဒေသခွဲအတွင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်နေ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကျင်းပ

ရန်ကုန် ဇွန် ၂၆

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရဲချုပ်၊မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC) ဌာနေကိုယ်စားလှယ်၊ AHRN(မြန်မာ) ညှိနှိုင်းရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရေးကော်မတီဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ယနေ့သည်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးအနေဖြင့်ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံတိုင်းနှင့်သက်ဆိုင်ပြီး လူသားတစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသည့် ပြဿနာပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိအနေဖြင့် ဤအထိမ်းအမှတ်နေ့ရောက်တိုင်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးပြဿနာကို လူထုအတွင်း ထိုးဖောက်သိမြင်ပြီး ရှောင်ရှားနိုင်အောင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ရန်ကုန်မြို့တော်တွင်သာမကဘဲ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် တက်တက်ကြွကြွ လှုပ်ရှားလာခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် (၁၈)နှစ်ရှိပြီဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအားလုံး

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ပန်းချီ၊ကာတွန်း၊ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူများအား ဆုချီးမြှင့်ရန်အတွက် အလှူရှင် UNODC ဌာနေကိုယ်စားလှယ် Mr.Jean-Luc Lemahieuက အလှူငွေကျပ် ၂၅၀၀၀၀ ပေးအပ်လှူဒါန်းရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လက်ခံစဉ်။ (ကြေးမုံ)

တွင်လည်း အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပကြမည်ဖြစ်ကြောင်း။

ဦးတည်ချက်

ယခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၏ ဦးတည်ချက်မှာ**"တန်ဖိုးရှိလှ လူငယ်ဘဝ၊ မူးယစ်ကင်းစင်ကျန်းမာမှု"** Value yourself---make healthy choices ဆိုတဲ့ ဆောင်ပုဒ်ပင်ဖြစ်ကြောင်း၊ ထိုဆောင်ပုဒ်၏ အဓိကဦးတည်ချက်မှာ မိမိနှင့်တကွ ဤအခမ်းအနားကို တက်ရောက်လာကြသည့် ယခုနိုင်ငံ့တာဝန်ထမ်းရွက်နေကြသည့် ပုဂ္ဂိုလ်များထံမှ နိုင်ငံတော်တာဝန်ကို လက်ဆင့်ကမ်းသယ်ဆောင်ကြမည့် တက်သစ်စ မျိုးဆက်သစ်လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ပြီး ကျန်းမာကြံ့ခိုင်သည့် လူငယ်များဖြစ်ပါမှ တန်ဖိုးရှိလှသော လူ့ဘဝကိုရမည်ဆိုသည့် အဓိပ္ပာယ်ဖော်ညွှန်းလိုက်ခြင်းပင်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အထူးသဖြင့် ဘိန်းဖြူကို အကြောတွင်းထိုးသွင်းခြင်းကြောင့်HIV/AIDSစသည့် ကြောက်စရာကောင်းလှသည့် ရောဂါဆိုးကြောင့် လူငယ်များအသေဆိုးနှင့် သေဆုံးကြရသည်ကို တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအသိပင်ဖြစ်ကြောင်း၊ ATSစသည့် စိတ်ကြွရူးသွပ်ဆေးဝါးများသုံးစွဲ၍လည်း စိတ်ကယောင်ချောက်ချားဖြစ်ပြီး ဘာမျှမလုပ်မကိုင်နိုင်သည်ကိုလည်းတွေ့ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကောင်းကျိုးမပေး မူးယစ်ဆေးဆိုသည့်အတိုင်း ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးကို သုံးစွဲမှုပပျောက်ရေးဆိုသည့် နည်းဗျူဟာအရ ပြည်သူလူထုအတွင်း အသိပညာပေးသည့် ပြပွဲများ၊ ပြိုင်ပွဲများကို အလေးထားပြီး ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုပြပွဲပြိုင်ပွဲများအနက် လူထုအတွင်းကို ထိုးဖောက်စည်းရုံးရာတွင် အအောင်မြင်ဆုံးဖြစ်သည့် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသော အနုပညာရပ်နယ်ပယ်မှ ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးသိမ်းသွင်းသည့်အနေနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၈)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း။

ကာကွယ်တိုက်ဖျက်ခဲ့

ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် အခွင့်အခါကြုံ၍ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်အချို့ကိုလည်း အကျဉ်းချုံးတင်ပြလိုကြောင်း၊ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ကာလဒေသအခြေအနေနှင့် ကိုက်ညီသည့်ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ကာကွယ်တိုက်ဖျက်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံနှင့်ဆီလျော်သည့် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ပြီး ၁၅ နှစ်စီမံကိန်း၊ ပန်းတိုင်သစ်စီမံကိန်းများနှင့် တရားမဝင်ဘိန်းစိုက်ပျိုးမှု၊ ဘိန်းနှင့်ဘိန်းဖြူထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ် သုံးစွဲမှုပြဿနာကို အလေးထားတိုက်ဖျက်ခဲ့ရာတွင် ဘိန်းနှင့်ဘိန်းဖြူထုတ်လုပ်မှု သိသိသာသာလျော့နည်းကျဆင်းခဲ့ကြောင်း၊ ထိုကဲ့သို့ကျဆင်းသည်ဆိုခြင်းကို UNODCက ထုတ်ပြန်သည့် World Drug Report တွင်လည်း ဖော်ပြထားပြီး ဘိန်းထုတ်လုပ်မှုထက် ဘိန်းစိုက်ပျိုးမှုကျဆင်းသည်ကို ဖော်ပြပါအစီရင်ခံစာတွင် ၁၉၉၆ ခုနှစ်က ဘိန်းထွက်ရှိမှုထက် ၂၀၀၄ခုနှစ်၌ ၇၃ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု အတိအလင်း ထုတ်ပြန်ခဲ့ကြောင်း၊ မြန်မာနိုင်ငံက အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ကဗျာ၊ပန်းချီ၊ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဆောင်ရွက်နေသည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးလုပ်ငန်းသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ အထူးညီလာခံကဆုံးဖြတ်ထားသော ရည်မှန်းချက်ပန်းတိုင်ကို ဖြည့်ဆည်းပေးနေသကဲ့သို့ ဆုံးဖြတ်ချက်မူဘောင်များကိုလည်း မြန်မာနိုင်ငံက ခံယူကျင့်သုံးနေသည်ဆိုသည်ကို သိရှိနိုင်ကြောင်း၊ အလားတူ အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ ခုနှစ်၊ US Government Drug Strategy Report အရလည်း ၂၀၀၄ ခုနှစ် ဘိန်းအထွက်နှုန်းကို ၂၀၀၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက စိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး လွန်ခဲ့သော ရှစ်နှစ်က ဘိန်း ၂၅၆၀ တန် ထုတ်လုပ်ခဲ့ရာမှ ယခုနှစ် ၂၉၂ တန်သာ ထုတ်လုပ်သဖြင့် ၈၈ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု သုံးသပ်ထားသည့်အတွက် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အောင်မြင်မှုရှိသည်ဆိုသည်မှာ ထင်ရှားကြောင်း။

ပူးပေါင်းဆောင်ရွက်ရန်လို

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို မိမိတို့တစ်နိုင်ငံတည်း **စာမျက်နှာ ၅ ကော်လံ ၁ သို့** ➪

ကုလရန်ပုံငွေ လျှော့ချရန် ကန်အမတ် အဆိုပြုမှု ဆိုးကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း ကိုဖီအာနန် ဝေဖန်

ကုလသမဂ္ဂ ဇွန် ၂၅

အမေရိကန် အောက်လွှတ်တော်အမတ် ဟင်နရီဟိုက်တင်သွင်းသည့် အဆိုပြုချက်သည် ကုလသမဂ္ဂသို့ အမေရိကန်က ထည့်ဝင်စရာရှိသည့် ငွေကြေးအား ပြင်းပြင်းထန်ထန် တစ်ဖက်သတ် လျှော့ချဖြတ်တောက်မှုကိုဖြစ်စေမည့် အလားအလာရှိနေကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က သောကြာနေ့တွင် ဝေဖန်ပြောကြားလိုက် သည်။

ယင်းသို့ ကိုင်တွယ်ဖြေရှင်းမှုသည် မှားယွင်းသည်ဟု မိမိထင်မြင်မိကြောင်း၊ ယင်းအဆိုပြုချက်အား အမေရိကန်အစိုးရက ချမှတ်ကျင့်သုံးပါက ဆိုးဆိုးရွားရွား တန်ပြန်အကျိုးသက်ရောက်မှု ရှိလာနိုင်မည်ဟု ကိုဖီအာနန်က ဝေါလ်စထရိဂျာနယ်တွင် ရေးသားထားသည်။

သဘောထားကွဲလွဲ

ယင်းသို့ပြုလုပ်မှုကြောင့် အမေရိကန်နှင့် ကုလသမဂ္ဂပြုပြင်ရေး အစီအစဉ်မျိုး ပေါ်ပေါက်စေရန် စုပေါင်း ဖိအားပေးလိုသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း သဘောထားကွဲလွဲနိုင်ကြောင်း၊ သို့ရာတွင် ဟင်နရီဟိုက်၏ အဆိုပြုချက်အား အမေရိကန် အစိုးရအဖွဲ့က ထောက်ခံအားပေးမှု မရှိကြောင်း ၎င်းက ဆက်လက်ရေးသားသည်။

ကုလသမဂ္ဂသည် အချုပ်အခြာပိုင်ဆိုင်သည့်နိုင်ငံများ စုဖွဲ့ထားသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရန် နည်းလမ်းကို အဖွဲ့ဝင်နိုင်ငံများနှင့် သဘောတူညီချက်ရရှိစေရန် စေ့စပ်ညှိနှိုင်းရမည်ဖြစ်ကြောင်း၊ မိမိအနေနှင့် ဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ ပါဝင်သည့် အစီရင်ခံစာကို ယခုနှစ်စောစောပိုင်းက ထုတ်ပြန်ထားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာတွင် မိမိ၏ အဆိုပြုချက်များ ပါဝင်ခဲ့ပြီဖြစ်ကြောင်း ကိုဖီအာနန်က ရေးသားသည်။

ကမ္ဘာတစ်ဝန်းမှ နိုင်ငံရေး ခေါင်းဆောင်များ ကုလသမဂ္ဂဌာနချုပ်တွင် ပြုလုပ်မည့် ကမ္ဘာ့ထိပ်သီးညီလာခံသို့ တက်ရောက်ကြပြီး ယင်းကိစ္စအပေါ် စက်တင်ဘာလတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင် ၁၇၀ ကျော်က ညီလာခံတက်ရောက်မည်ဟု ပြောကြားထားပြီး သမ္မတဘုရှ်လည်း တက်ရောက်ဖွယ်ရှိသည်ဟု မိမိမျှော်လင့်ကြောင်း ကိုဖီအာနန်က ရေးသားထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံခြား သတင်းများ

ဖလူးဂျာမြို့တွင် ကားဗုံးဖောက်ခွဲ ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၅

ကားဗုံးဖောက်ခွဲသူ တစ်ဦးက ဖလူးဂျာမြို့တွင် အမေရိကန်စစ်ဘက် ကားတန်းတစ်ခုကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး အခြားသုံးဦး ပျောက်ဆုံးနေကြောင်း စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

ကြာသပတေးနေ့ညက ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုအတွင်း အခြားတပ်ဖွဲ့ဝင် ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဗုံးဖောက်ခွဲသူက ပေါက်ကွဲစရာပစ္စည်းများ တင်ဆောင်လာသည့် အမေရိကန်စစ်ဘက် မော်တော်ယာဉ်အား ဝင်တိုက်ကာ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ပျောက်ဆုံး

ယင်းတိုက်ခိုက်မှုကြောင့် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး အခြားလူလေးဦး ပျောက်ဆုံးနေဖွယ်ရှိသည်ဟု ဆိုသည်။

ကြေညာ

ကားဗုံးဖောက်ခွဲသူက ဖလူးဂျာရှိ အမှတ်(၂) မရိန်းပြည်ပတပ်ဖွဲ့မှ မရိန်းတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု စောစောပိုင်းက ထုတ်ပြန်သည့် အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ပျက်စီး

ဖလူးဂျာမြို့အဝင်ရှိ အထင်ကရ အမေရိကန် စစ်ဆေးရေးဂိတ်အနီးတွင် ကြာသပတေးနေ့ညပိုင်းက လမ်းဘေးဗုံး ပေါက်ကွဲရာ အမေရိကန် ဟမ်းဗီးမော်တော်ယာဉ်တစ်စီး ပျက်စီးသွားပြီး ယာဉ်ပေါ်တွင် လိုက်ပါသူများ သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သေဆုံး

ယင်းတိုက်ခိုက်မှုကို အီရတ်ရှိ အစ္စလမ္မစ် စစ်သွေးကြွဖြစ်သည့် အယ်လ်ခိုင်ဒါအုပ်စုက ပြုလုပ်ကြောင်း ကြေညာခဲ့ပြီး ဟမ်းဗီးမော်တော်ယာဉ်နှစ်စီး ပျက်စီးပြီး တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးခဲ့ကြောင်း ၎င်းအုပ်စုက အင်တာနက်တွင် ဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးဖောက်ခွဲမှုကြောင့် မီးလောင်နေသည့် ကားများကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် အဖမ်းခံထားရသည့် အမေရိကန်စားစာခံ အသက်ရှင်နေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ပြောကြား

မနီလာ ဇွန် ၂၅

အီရတ်နိုင်ငံတွင် ဖိလစ်ပိုင်နိုင်ငံသား ပြည်ပလုပ်သားတစ်ဦးနှင့်အတူ ပြန်ပေးဆွဲခံခဲ့ရသည့် အမေရိကန်နိုင်ငံသားတစ်ဦး ယနေ့ထက်တိုင် အသက်ရှင်နေသေးကြောင်းဖြင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံသား စာရင်းကိုင်ဝန်ထမ်းဖြစ်သူ ရောဘတ်တာရွှန်ဂွိုင်နှင့်အတူ ပြန်ပေးဆွဲခံခဲ့ရသည့် အမေရိကန်နိုင်ငံသား ရွိုင်ဟောလစ်စ်သည် ထိန်းသိမ်းခံထားရစဉ်အတွင်း ယခုထက်တိုင် အသက်ထင်ရှားရှိနေသေးသည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေး ဒုတိယဝန်ကြီးဖြစ်သူ ရေဖယ်ကီးရှစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မိမိတို့အနေဖြင့် ကော်ဘီ (တာရွှန်ဂွိုင်၏ငယ်နာမည်)ကိစ္စအား အကဲဖြတ်နေကြကြောင်း၊ သို့ရာတွင် ဟောလစ်စ် ယခုထက်တိုင် အသက်ရှင်နေသည်ဟု သိရကြောင်း၊ ယင်းကိစ္စကို ကော်ဘီအား မေးမြန်းကြည့်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

တာရွှန်ဂွိုင်ကို ဘေးမသီရန်မခ လွတ်မြောက်စေရေးအတွက် အလဲအလှယ်ပြုလုပ်သည့်အနေဖြင့် ဖိလစ်ပိုင်အစိုးရက ဒေါ်လာ ၁ဒသမ၄သန်းမှ ဒေါ်လာ ၁၀သန်းအထိ ငွေပေးခဲ့ရသည့်သတင်းများ မဟုတ်မမှန်ကြောင်း ၎င်းက ငြင်းဆိုပြောကြားခဲ့သည်။ တာရွှန်ဂွိုင်သည် ၎င်း၏အိမ်သို့ ကြာသပတေးနေ့က ပြန်ရောက်ခဲ့ပြီးဖြစ်သည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် အီရတ်နိုင်ငံသို့ ဖြန့်ကြက်မှုကို ဆက်လက်ထားမြစ်ရန် အီရတ်ပြန်ပေးသမားများက တောင်းဆိုထားသည်ဟု ၎င်းက ပြောကြားသည်။ ယင်းတောင်းဆိုမှုကို ဖိလစ်ပိုင်အစိုးရက သဘောတူလိုက်သည်။

တာရွှန်ဂွိုင်အပါအဝင် နိုင်ငံခြားသားနှစ်ဦးနှင့် အီရတ်နိုင်ငံသား သုံးဦးတို့အား အီရတ် စစ်သွေးကြွအုပ်စုက ၂၀၀၄ ခုနှစ်နိုဝင်ဘာ ၁ ရက်က ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လေပြွန်ဆိုင်ရာရောဂါအတွက် ပဋိဇီဝဆေးဝါးအကျိုးသက်ရောက်မှုမရှိ ရောဂါသည် ၆၄၀ ကို အခြေခံသော လေ့လာမှုအရ သိရှိရ

ဝါရှင်တန် ဇွန် ၂၅

လေပြွန်ဆိုင်ရာရောဂါဝေဒနာ ဖြစ်ပွားသူများသည် ၎င်းတို့၏ ကျန်းမာရေး ပြန်လည်ကောင်းမွန်ရန်အတွက် ပဋိဇီဝဆေးဝါးသုံးစွဲသော်လည်း သောက်သုံးသူနှင့် မသောက်သုံးသူတို့ မည်သို့မျှကွာခြားမှုမရှိကြောင်း ဗြိတိသျှ လေ့လာရေးစာတမ်းတစ်ခု၏ ဖော်ပြချက်ကို အမေရိကန်ဆေးပညာဂျာနယ်က ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

အဆိုပါ စာတမ်းတွင် လေပြွန်ရောဂါဖြစ်ပွားသူ ၆၄၀ ကို ငါးနှစ်ကျော် လေ့လာမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း၊ လေ့လာသူများသည် အသက် သုံးနှစ်နှင့်အထက်ရှိ ရောဂါခံစားနေသူများကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း အင်္ဂလန်ဆောက်သမ်တန်တက္ကသိုလ်မှ အခြေခံကျန်းမာရေးသုတေသနပညာပါမောက္ခ ဒေါက်တာပေါလ်လစ်တေးလ်က ဖော်ပြထားသည်။

လေ့လာမှုပြုလုပ်ရာတွင် ပန်းနာ၊ နှလုံးနှင့် အဆုတ် စသည့် ရောဂါဖြစ်ပွားနေသူများကို စမ်းသပ်မှု မပြုလုပ်ခဲ့ကြောင်း၊ နှလုံးရောဂါနှင့် အဆုတ်ရောဂါ နာတာရှည်ရောဂါရှိသူများသည် လေပြွန်ရောဂါဆိုင်ရာ ရောဂါဖြစ်ပွားနိုင်ကြောင်း၊ ထိုမှအဆုတ်ရောင်ရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

ဝေဒနာရှင်များသည် ဆရာဝန်နှင့်ပြသပြီးနောက် ပျမ်းမျှ ၁၁ ရက်အတွင်း ဆက်တိုက်ချောင်းဆိုး ခြင်းများရှိနိုင်ကြောင်း ၎င်းတို့သည် ပဋိဇီဝဆေးကို သောက်သုံးသည်ဖြစ်စေ၊ မသောက်သုံးသည်ဖြစ်စေ ထိရောက်မှုမရှိကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။ ဆရာဝန်နှင့် ပြသပါက ဝေဒနာရှင်များကို အမောက်စလင် သို့မဟုတ် အရီထရိုမိုင်ဆင်ဆေးတို့ကိုသာ ပေးပြီး၊ ထိုဆေးအာနိသင်ကြောင့် အချိန်အနည်းငယ်တွင် ရင်ကျပ်ခြင်း၊ အသက်ရှူကျပ်ခြင်းနှင့် အခြားဝေဒနာများကိုသာ သက်သာသွားမည်ဖြစ်သည်။

စမ်းသပ်ရာတွင် တစ်ချိန်တည်း၌ ဝေဒနာရှင်အားလုံး၏ အခြေအနေများသည် ပြန်လည်ကောင်းမွန်လာသည်ဟု လစ်တေးလ်က ပြောကြားသည်။ ဝေဒနာရှင်တစ်ဦးသာလျှင် ပဋိဇီဝဆေး မသုံးဆောင်မှုကြောင့် အဆုတ်ရောင်ရောဂါဖြစ်ပွားပြီး ဆေးရုံတက်ခဲ့ရသည်။ ထို့နောက် ၎င်းသည် ပဋိဇီဝဆေးဝါးသုံးစွဲမှုကြောင့် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာခဲ့သည်။

လေပြွန်ဆိုင်ရာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပဋိဇီဝဆေးများသည် ထိုဝေဒနာအတွက် အကျိုးသက်ရောက်မှု မရှိရခြင်းဖြစ်သည်ကို တွေ့ကြရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ခုနစ်နှစ်အရွယ် သမီးငယ် ငါးမန်းကိုက်၍ သေဆုံး

ဝယ်လင်တန် ဇွန် ၂၅

နယူးဇီလန် မိသားစုတစ်စုသည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဗန်ဝါတူးကျွန်းနိုင်ငံတွင် အားလပ်ရက် အပျော်ခရီးထွက်နေကြစဉ် ခုနှစ်နစ်အရွယ်ရှိ သမီးကလေးမှာ ငါးမန်းကိုက်ခံရသဖြင့် သေဆုံးသွားရကြောင်း နယူးဇီလန်အစိုးရ အရာရှိတစ်ဦးက ဇွန် ၂၃ရက်တွင် ပြောကြားသည်။

သေဆုံးသွားသူ ကလေးငယ်လေး၏ အမည်မှာ အယ်လစ်ရှာမာဂရက် ဝဗ်စတာဖြစ်သည်။ သူမသည် ဗန်ဝါတူး၏မြောက်ဘက် မာလီကူလာကျွန်း ပင်လယ်ကမ်းခြေတွင် ရေကူးနေစဉ် အသက်ဆုံးရခြင်း ဖြစ်ကြောင်း နယူးဇီလန် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိက ပြောကြားသည်။

အယ်လစ်ရှာကလေးနှင့် သူမ၏ မိဘနှစ်ပါးဖြစ်သော ဖခင်ဂရန်နှင့် မိခင်ရှီ ရီဝဗ်စတာတို့သည် ရွက်လှေစီးကာ အပျော်ခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။

ပို့ဗီလာရှိ နယူးဇီလန်မဟာမင်းကြီးရုံးက ၎င်းမိသားစု နေရင်းနိုင်ငံသို့ ပြန်လာရေးနှင့် အခြားလိုအပ်သောအကူအညီများပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

မစ်ဇိုရီပြည်နယ်တွင် ဓာတ်ငွေ့စက်ရုံ မီးလောင်

ဝါရှင်တန် ဇွန် ၂၅

အမေရိကန်နိုင်ငံ မစ်ဇိုရီပြည်နယ် စိန့်လူဝစ်မြို့ရှိ ပရက်စ်စီအာ ဓာတ်ငွေ့စက်ရုံရှိ ပရိုပိန်းနှင့် အခြားဓာတ်ငွေ့လှောင်ကန်များ ဇွန် ၂၄ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမီးလောင်ခဲ့သည်။ ယခုအခါ မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း စီအင်အင်သတင်းဌာနက ဖော်ပြသည်။

မီးလောင်မှု အရှိန်ကောင်းနေစဉ်က အခင်းဖြစ်ပွားရာနေရာမှ မီးတောက်မီးလုံးကြီးများကို တီဗွီဖန်သားပေါ်တွင် မြင်တွေ့ကြရသည်။ ယခုအခြေအနေမှာ ထိန်းချုပ်နိုင်သည့်အဆင့်သို့ ရောက်သွားပြီဖြစ်၍ မီးတောက်မီးလျှံများကို မတွေ့ရတော့ဘဲ မီးခိုးလုံးအမည်းကြီးများကိုသာ တွေ့မြင်ကြရသည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့တို့ပူးတွဲ၍ လုံခြုံရေးဆောင်ရွက်နေသည်ကို ဇွန် ၂၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

➪ စာမျက်နှာ ၃ မှ

ဆောင်ရွက်၍မရဘဲ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို နားလည်သိရှိ၍ ဒေသအတွင်း၊ ဒေသခွဲအတွင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာ MoU များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း။

တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှုတိုက်ဖျက်ရာတွင် နယ်စပ်ဒေသ၌ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ဒေသခွဲအတွင်း လုပ်ငန်းစီမံကိန်း Sub-Regional Action Plan များကိုလည်း MoU ခြောက်နိုင်ငံတို့ ပေါင်းစည်းပြီး ဒေသခွဲအတွင်း မူးယစ်ကင်းမဲ့ဒေသအဖြစ် ပေါ်ပေါက်စေရန် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

(၁၉)ကြိမ်မြောက်

တားဆီးနှိမ်နင်းရေးအနေဖြင့်လည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်စသည့် တားဆီးနှိမ်နင်းရေးအဖွဲ့များကလည်း ဖမ်းဆီးအရေးယူမှုများ တိုးမြှင့်ပြုလုပ်နိုင်ခဲ့ကြောင်း၊ ယင်းအဖွဲ့များက ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကိုလည်း ယခုမနက် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ မျက်မှောက်၌ (၁၉)ကြိမ်မြောက်အဖြစ် မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း။

ဤကဲ့သို့ ထုတ်လုပ်မှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး စသည်များကို ဆောင်ရွက်နေရုံဖြင့် မူးယစ်ဆေးဝါး လုံးဝပပျောက်သွားမည်မဟုတ်ဘဲ သုံးစွဲမှုပပျောက်ရေးကဏ္ဍတွင်လည်း အရေးကြီးသကဲ့သို့ ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်မှုကလည်း အဓိကအခန်းက ပါဝင်နေကြောင်း၊ ထို့ကြောင့်လည်း ယင်းသုံးစွဲမှုကဏ္ဍအောင်မြင်ရေးအတွက် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအပိုင်းနှင့် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး လုပ်ငန်းများကို လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် သုံးစွဲမှုပပျောက်ရေးနှင့်ဆက်နွှယ်ပြီး မူးယစ်ဆေးဝါး အကြောတွင်းထိုးသွင်းသူများကတစ်ဆင့် HIV/ AIDS ကူးစက်မှုအန္တရာယ် လျော့ပါးပပျောက်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ် ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရေးကိုလည်း နိုင်ငံတော်၊ UNအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း NGOများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ကျောင်းသားထုအတွင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်တိုးတက် ပေါက်ဖွားလာစေပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်နှင့် အတူ မြန်မာ့စာပေ ဂီတအနုပညာများ လေ့လာလိုက်စားလိုစိတ်များ ကိန်းအောင်းလာစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိမြင်ပြီး ရှောင်ရှားလိုစိတ်များ ဖြစ်ပေါ်လာအောင် ဖန်တီးပေးရမှာလည်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုကဲ့သို့ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့် အနုပညာပြိုင်ပွဲများကျင်းပပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများကို တစ်ဖက်ကဆောင်ရွက်ပေးနေရခြင်းပင် ဖြစ်ကြောင်း။

တိုးတက်ယှဉ်ပြိုင်လာ

အကဲဖြတ်ရွေးချယ်ရေးအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ပေးကြသည့် အနုပညာနယ်ပယ်အသီးသီးက ပညာရှင်များ၏ စည်းရုံးဆောင်ရွက်ပေးမှုကြောင့်လည်း ယခုပြိုင်ပွဲများတွင် ကျွမ်းကျင်သောပညာရှင်များ၊ ဝါသနာရှင်များ၊ ကျောင်းသားလူငယ်များနှင့် ကဏ္ဍအသီးသီးက ပြည်သူလူထုများအနေဖြင့် အင်တိုက်အားတိုက် တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်ဦးရေ တိုးတက်ယှဉ်ပြိုင်လာသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် လာမည့်နှစ်တွင်လည်း ယခုနှစ်ထက် ပိုမိုတိုးတက်ပါဝင်ယှဉ်ပြိုင်လာစေရန် စည်းရုံးဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုကြောင်း၊ ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ မူးယစ်ဆေးဝါးအန္တရာယ်ကို ဆန့်ကျင်တိုက်ဖျက်လိုစိတ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့လာမည် ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို မိမိတို့နိုင်ငံ၏ ခနအင်အားအပေါ် မူတည်ပြီး မိမိတို့နိုင်ငံ၏ စွမ်းအားအရင်းအမြစ်အပေါ် အခြေခံလျက် အရှိန်အဟုန်ဖြင့်၊ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ချမှတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးကလည်း ကုလသမဂ္ဂ၏ ၂၀၀၅ခုနှစ်အတွက် ဆောင်ပုဒ်ဖြစ်သည့် **“တန်ဖိုးရှိလှ လူငယ်ဘဝ–––မူးယစ်ကင်းစင် ကျန်းမာမှု”** ' “Value yourself––– make healthy choices” ဆိုသော ဆောင်ပုဒ်နှင့်အညီ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်ရှိ တန်ဖိုးရှိလှသည့် မျိုးဆက်သစ်လူငယ်များအား မူးယစ်ဆေးဝါးကင်းစင်ပြီး ကျန်းမာကြံ့ခိုင်သော လူငယ်လေးများဖြစ်လာအောင် ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသည့် အခမ်းအနားကို ကြွရောက်ချီးမြှင့်ကြသော ဧည့်သည်တော်များ၊ အခမ်းအနားကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် အဘက်ဘက်က ဝိုင်းဝန်းဆောင်ရွက်ကြသည့် ဌာနဆိုင်ရာအသီးသီး၊ စာပေ၊ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲများ ကျင်းပနိုင်အောင် ပံ့ပိုးကူညီ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား AHRN (မြန်မာ)မှ ညှိနှိုင်းရေးမှူး Mr. Willy De Maere ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ပြည်သူလူထု ပူးပေါင်းပါဝင်

ထုတ်လုပ်မှု ပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး စသည်များကို ဆောင်ရွက်နေရုံဖြင့် မူးယစ်ဆေးဝါးလုံးဝ ပပျောက်သွားမည်မဟုတ်ဘဲ သုံးစွဲမှု ပပျောက်ရေးကဏ္ဍတွင်လည်း အရေးကြီးသကဲ့သို့ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်မှုကလည်း အဓိကအခန်းက ပါဝင်နေ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား UNODC ဌာနေ ကိုယ်စားလှယ် Mr. Jean-Luc Lemahieu ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဆောင်ရွက်ပေးကြသော စာပေ၊ ဂီတပညာရှင်များ၊ ပြိုင်ပွဲဝင်ခဲ့ကြသည့် စာပေ၊ ဂီတပညာရှင်များအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်ထံမှ ပေးပို့သော သဝဏ်လွှာကို ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC) မှ ဌာနေကိုယ်စားလှယ် Mr. Jean-Luc Lemahieu က ဖတ်ကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဆုရရှိကြသူများအား ဆုချီးမြှင့်ရန်အတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC) ဌာနေကိုယ်စားလှယ် Mr. Jean- Luc Lemahieuက ငွေကျပ် ၂၅၀၀၀၀၊ AHRN (မြန်မာ)မှ ညှိနှိုင်းရေးမှူး Mr. Willy De Maere က ငွေကျပ် ၃၀၀၀၀၀၊ မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ၊ အငြိမ်းစား သံအမတ်ကြီး ဦးမောင်မောင်စိုးတင့်က ငွေကျပ် ၃၀၀၀၀၀ နှင့် ဂျပန်နိုင်ငံ JBB Co., Ltd. ကိုယ်စား ဦးရန်နိုင်သိန်းက ငွေကျပ် ၁၀၀၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လက်ခံသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ကို ဂုဏ်ပြုကြိုဆို

နိုင်ငံတော်၏ အရန်အင်အားစု

အေးမျိုးကြည်

နိုင်ငံတော်၏ အရန်အင်အားစုတွင် စစ်မှုထမ်းဟောင်းအဖွဲ့ ပါဝင်ပါသည်။ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တစ်ချိန်က တပ်မတော်တာဝန်ကို အဆင့်အသီးသီးတွင် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး အငြိမ်းစားရယူခဲ့သော ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အသီးသီးမှ စစ်သည်ဟောင်းများ စုပေါင်းဖွဲ့စည်းထားသောအဖွဲ့ပင် ဖြစ်ပါသည်။

စင်စစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ပေါ်ပေါက်ခဲ့သော အဖွဲ့ကြီးဖြစ်သည်။ ထိုမှတစ်ဆင့် စစ်မှုထမ်းဟောင်းအဖွဲ့၏ ဖြစ်စဉ်ကို ပြန်ပြောင်းလေ့လာကြည့်သော် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဗဟိုဖြစ်မြောက်ရေးအဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ တစ်ဖန် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗဟိုစည်းရုံးရေးကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီးနောက် ၁၉၈၉ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ထို့နောက် နိုင်ငံတော်၏ ပြောင်းလဲတိုးတက်လာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများပေါ်တွင်မူတည်၍ ခေတ်စနစ်နှင့် လျော်ညီပြီး ကိုယ်ပိုင်စွမ်းအားဖြင့် ပြည်သူလူထု ယုံကြည် လေးစားမှုခံရသော အဖွဲ့အစည်းကြီးအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရန် ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားနိုင်ငံရေးလမ်းစဉ်အဖြစ် ခံယူကျင့်သုံးပြီး အဓိကကျသည့် ရည်ရွယ်ချက်သုံးရပ်ကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်–

(၁) **နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို တပ်မတော်၏ ဦးဆောင်မှုအားဖြင့် အစဉ်မပြတ် ခံယူဆောင်ရွက်သွားရန်၊**

(၂) **စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အချင်းချင်းနှင့် မိသားစုများကို ကူညီဆောင်ရွက်နိုင်ရန်၊**

(၃) **နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် အခြားသော မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပါဝင်ကူညီ ဆောင်ရွက်သွားရန်** တို့ ဖြစ်ပါသည်။

တစ်ဖန် လုပ်ငန်းတာဝန်ကြီး (၅)ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းတာဝန်ကြီးများမှာ–

(၁) **အမျိုးသားနိုင်ငံရေးရာလုပ်ငန်း၊**

(၂) **နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးရာလုပ်ငန်း၊**

(၃) **စီးပွားရေးရာလုပ်ငန်း၊**

(၄) **ပြည်သူ့အကျိုးပြုလုပ်ငန်း၊**

(၅) **လူမှုရေးနှင့်သက်သာချောင်ချိရေးလုပ်ငန်း**တို့ဖြစ်ပါသည်။

အမျိုးသားနိုင်ငံရေး လုပ်ငန်းအဖွဲ့ကို အခြေခံအရည်အချင်းကောင်းများဖြင့် ပြည့်ဝသော စစ်မှုထမ်းဟောင်းများဖြင့် ဖွဲ့စည်းထားရှိပါသည်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် အမျိုးသားနိုင်ငံရေး တာဝန်ကို ဆောင်ရွက်ရာတွင် အဖွဲ့ဝင်အားလုံးသည် တူညီသော ယုံကြည်ချက်၊ ခံယူချက်ဖြင့် အမျိုးသားနိုင်ငံရေး အသိအမြင်များရရှိပြီး ပြည်သူလူထုကို စည်းရုံးဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားနိုင်ငံရေးရာ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာလုပ်ငန်းအဖွဲ့အနေဖြင့် အဆင့်အလိုက် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

ပြည်သူ့အကျိုးပြု လုပ်ငန်းအဖွဲ့သည် ပြည်သူလူထုနှင့်အတူ နိုင်ငံတော်၏ အရန်အင်အားများဖြစ်ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့အစည်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအပြင် အခြားသော လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လက်တွဲ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖွဲ့သည် မြားမြောင်ကျယ်ပြန့်လှသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းများနှင့် ပြည်သူများအတွက်သွယ်ဝိုက်အကျိုးပြုသောလုပ်ငန်းများဟူ၍ အကြမ်းဖျင်းလုပ်ငန်းနှစ်မျိုးခွဲပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအတွက် တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းများမှာ– လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ မြို့ပြနှင့်ကျေးလက်သာယာလှပရေးလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ပညာပေးရေးလုပ်ငန်းများတွင် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လုပ်ကိုင်ခြင်းများဖြစ်ပါသည်။

စင်စစ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ကာကွယ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲရေးစွမ်းရည်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ စွန့်လွှတ်အနစ်နာခံသည့်စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်စသည့် ကောင်းမြတ်သော အစဉ်အလာများကို ပိုင်ဆိုင်ရရှိထားပြီးသူများဖြစ်ကြသည်။

ပြည်သူများအတွက် သွယ်ဝိုက်အကျိုးပြုသော လုပ်ငန်းများမှာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော် စီမံကိန်းကြီးများတွင် တတ်စွမ်းသမျှ ပါဝင်ကူညီဆောင်ရွက်ခြင်း၊ စီမံကိန်းအတွက် လိုအပ်သော အလုပ်သမား၊ ယာဉ်ယန္တရား ရရှိရေးလုပ်ငန်းများ၊ အုတ်၊ သဲ၊ ကျောက်ရရှိရေးလုပ်ငန်းများ၊ မြေသယ် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ထက်စော၍ ပြီးစီးပါက ပြည်သူများအတွက် အချိန်စောပြီး အခွင့်အရေး ခံစားရကာ တိုးတက်မှုများ မြန်ဆန်လာနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်း အဖွဲ့သည် ပြည်နယ်/တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များနှင့် စစ်မှုထမ်းဟောင်း စည်းရုံးရေးအဖွဲ့ (၁၉)ဖွဲ့တို့အား ဦးဆောင်လမ်းညွှန်မှုပြုပြီး လူမှုရေးနှင့်သက်သာချောင်ချိရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုများအား သာမန်ထောက်ပံ့ခြင်း၊ ပညာသင်ထောက်ပံ့ခြင်း၊ သင်တန်းတက်ထောက်ပံ့ခြင်း၊ နာရေးထောက်ပံ့ခြင်း၊ မစွမ်းမသန် ထောက်ပံ့ခြင်း၊ သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ခြင်း၊ ဆန်အခမဲ့ထောက်ပံ့ခြင်း၊ အခြားထောက်ပံ့ခြင်းတို့ဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဗဟိုစီးပွားရေးဦးဆောင်အဖွဲ့ကို ဖွဲ့စည်း၍ စီးပွားရေးလုပ်ငန်းအလိုက် ဗဟိုစီးပွားရေးကော်မတီဝင်များဖြင့် တာဝန်ပေးအပ်ဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ငန်း၊ ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းဟူ၍ ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ဆောက်လုပ်ရေးနှင့် ယန္တရားလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ကျစ်လျစ်ခိုင်မာသော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာခဲ့ရာ စစ်မှုထမ်းဟောင်းအဖွဲ့အကြိုညီလာခံ (၂၀၀၅)အစည်းအဝေးများကို ပြည်နယ်/တိုင်းအသီးသီးတွင် ညီညီညွတ်ညွတ် တက်တက်ကြွကြွ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးများတွင် လုပ်ငန်းကဏ္ဍကြီးငါးရပ်ဖြစ်သည့် အမျိုးသားနိုင်ငံရေးကဏ္ဍ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ အသီးသီးတို့ကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကဆွေးနွေးညှိနှိုင်းတင်ပြပြီး သဘောတူညီချက်များ ရယူခဲ့ကြသည်။

စင်စစ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ကာကွယ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲရေးစွမ်းရည်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ စွန့်လွှတ်အနစ်နာခံသည့်စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်စသည့် ကောင်းမြတ်သော အစဉ်အလာများကို ပိုင်ဆိုင်ရရှိထားပြီးသူများဖြစ်ကြသည်။

ထို့ကြောင့် အဆိုပါကောင်းမြတ်သော အစဉ်အလာများကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအကြား ဆက်လက်ပြန့်ပွားစေရန် အားထုတ်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် နောင်လာနောက်သားများထံစံနမူနာကောင်းများ လက်ဆင့်ကမ်းနိုင်ရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအပေါ် တိုင်းရင်းသားပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ချစ်ခင်ရင်းနှီးမှုတိုးပွား စေရေးအတွက် အလေးထားဖော်ဆောင်ကြရန်လည်း ဆက်လက်ကြိုးပမ်းကြရန်ဖြစ်ပါသည်။

သို့ဖြစ်ရာ **"နိုင်ငံတော်၏ အရန်အင်အားစု"** ဖြစ်သော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် အစဉ်အလာကောင်းများကိုဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်ကိုဝိုင်းဝန်းတည်ဆောက်၊ ဝိုင်းဝန်းကာကွယ်သွားကြမည့်အဖွဲ့အဖြစ် ထာဝစဉ်ရပ်တည်သွားမည်ဟု ယုံကြည်ပါကြောင်းနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကို ဂုဏ်ပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန် အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ခရီးသွားပြည်သူများအေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမောင်စံနှင့် ပို့ဆောင်ရေးမှူးဦးမြင့်ဆွေတို့ ပါဝင်သော စစ်ဆေးရေးအဖွဲ့ ခရီးသည်တင်မော်တော်ယာဉ်များ ကြံ့ခိုင်မှုကိုစစ်ဆေးစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၆-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၄၅	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Psychology In The Pratice Of Medicine. (ဒုတိယနှစ်-စိတ်ပညာ)
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " ၂၄-နာရီ " (အပိုင်း-၁၅)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	မေးမြန်းစူးစမ်း
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း-၃)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် အကြိုနီးနှောဖလှယ်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် အကြိုနီးနှောဖလှယ်ပွဲ များကို ယနေ့နံနက် ၁၀နာရီမှစတင်၍ ရန်ကုန်မြို့ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ သတ်မှတ်နေရာအသီးသီး၌ကျင်းပသည်။

ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့(၁) အမျိုးသားနိုင်ငံရေးရာကဏ္ဍ အကြို နီးနှောဖလှယ်ပွဲကို ဧည့်ခန်းမ ဆောင်၌ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ် ခင်အောင်မြင့်နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသော ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့် ဦးချစ်နိုင်တို့ကဆောင် ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်သန်းက ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက အမျိုးသားနိုင်ငံရေးရာကဏ္ဍ အကြို နီးနှောဖလှယ်ပွဲတွင် တက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ် ၈၁ဦးရှိပြီး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အကြိုနီးနှောဖလှယ်ပွဲ အထမြောက် ကြောင်းနှင့်သဘာပတိ၏ခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲ စတင်ကျင်းပ ကြောင်း ကြေညာသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့(၁) အမျိုးသားနိုင်ငံရေးရာကဏ္ဍအကြို နီးနှော ဖလှယ်ပွဲတွင် သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်ချုပ်ခင်အောင်မြင့် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ သဘာပတိဗိုလ်ချုပ် ခင်အောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက မြန်မာ နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ဒုတိယနေ့တွင် ကဏ္ဍများ အလိုက် နီးနှောဖလှယ်ပွဲများ၌ ဆွေးနွေး ကြမည့် ကိုယ်စားလှယ် ၁၇ဦး၏ အမည်စာရင်းကို ဖတ်ကြားအတည်ပြု ချက်ရယူပြီး အမျိုးသားနိုင်ငံရေးရာ ကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲကို ရုပ်သိမ်း လိုက်သည်။

ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲအစု အဖွဲ့(၂) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲ ကို စားရိပ်သာ(ခ)အပေါ်ထပ်၌ကျင်းပ ရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်မှူးကြီးတင်ရီ (အငြိမ်း စား)နှင့် သဘာပတိအဖွဲ့ဝင်အဖြစ် ဗဟို စည်းရုံးရေး ကော်မတီဝင် ဗိုလ်မှူးကြီး ဇော်ထွန်း(အငြိမ်းစား)တို့က ဆောင် ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအုန်းမြင့်ဦးက ဆောင်ရွက် သည်။

အစီအစဉ်အရ အခမ်းအနားမှူးက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးရာ ကဏ္ဍအကြို နီးနှောဖလှယ်ပွဲတွင် တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၇၈ဦးရှိပြီး ရာခိုင်နှုန်းပြည့် တက်ရောက် သဖြင့် အကြို နီးနှောဖလှယ်ပွဲအထ မြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြု ချက်အရ အကြိုနီးနှောဖလှယ်ပွဲ စတင် ကျင်းပကြောင်း ကြေညာသည်။

ရှေးဦးစွာ သဘာပတိ ဗိုလ်မှူးကြီး တင်ရီ(အငြိမ်းစား)က အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက မြန်မာ နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ဒုတိယနေ့တွင် ကဏ္ဍများ အလိုက် နီးနှောဖလှယ်ပွဲများ၌ ဆွေးနွေး ကြမည့်ကိုယ်စားလှယ် ၁၇ဦး၏ အမည် စာရင်းကို အတည်ပြုချက်ရယူပြီး နိုင်ငံ တော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကဏ္ဍအကြိုနီးနှောဖလှယ်ပွဲကိုရုပ်သိမ်း လိုက်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့(၂) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲတွင် သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီးတင်ရီ(အငြိမ်းစား) အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ကဏ္ဍအလိုက်နီးနှောဖလှယ်ပွဲအစု အဖွဲ့(၃) စီးပွားရေးကဏ္ဍ အကြိုနီးနှော ဖလှယ်ပွဲကို စားရိပ်သာ(ဂ) အပေါ်ထပ် ၌ကျင်းပရာ သဘာပတိအဖြစ် မြန်မာ နိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံး ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် စောထွန်းနှင့် သဘာပတိအဖွဲ့ဝင်များ အဖြစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ ဖြစ်ကြသော ဦးအောင်သောင်းနှင့် ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ ဗိုလ်ကြီး ကျော်ဗလ (အငြိမ်းစား)က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ်ကရင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ ဗိုလ်ကြီးသန်းထွန်း အောင်(အငြိမ်းစား)က ဆောင်ရွက် သည်။

အဆိုပါ စီးပွားရေးကဏ္ဍအကြို နီးနှောဖလှယ်ပွဲ သို့ မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ် ကြီး ကြည်မင်း(အငြိမ်းစား)က လေ့လာ သူအဖြစ် တက်ရောက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက စီးပွားရေးရာကဏ္ဍအကြိုနီးနှောဖလှယ် ပွဲသို့ တက်ရောက်ခွင့်ရှိသော ကိုယ်စား လှယ် ၇၇ဦးစလုံး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အကြိုနီးနှောဖလှယ် ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ ၏ခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်းကြေညာသည်။

ရှေးဦးစွာ သဘာပတိအဖွဲ့ဝင် ဦးအောင်သောင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက မြန်မာ နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) ဒုတိယနေ့တွင် ကဏ္ဍများ အလိုက် နီးနှောဖလှယ်ပွဲများ၌ ဆွေးနွေး ကြမည့် ကိုယ်စားလှယ် ၁၇ဦး၏ အမည်စာရင်းကို ဖတ်ကြားအတည်ပြု ချက်ရယူပြီး စီးပွားရေးကဏ္ဍ အကြို နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့(၃) စီးပွားရေးကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲတွင် သဘာပတိအဖွဲ့ဝင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဦးအောင်သောင်း အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစု အဖွဲ့(၄)လူမှုရေးနှင့် သက်သာချောင်ချိ ရေးကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲကို အရာရှိ တည်းခိုဆောင် မြေညီထပ်၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ် သိန်းဆွေ၊ သဘာပတိအဖွဲ့ဝင်များ အဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဗဟိုစည်းရုံးရေး ကော်မတီဝင်များ ဖြစ်ကြသော ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဦးဝင်းဖေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်စိုး(အငြိမ်းစား)နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း (အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စစ်မှု ထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းနိုင်(အငြိမ်းစား) တို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ အခမ်းအနားမှူးက လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍ အကြို နီးနှောဖလှယ်ပွဲတွင် တက်ရောက် ခွင့်ရှိသည့် ကိုယ်စားလှယ် ၇၆ဦးရှိပြီး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အကြိုနီးနှောဖလှယ်ပွဲ အထမြောက် ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက် အရ အကြိုနီးနှောဖလှယ်ပွဲစတင်ကျင်းပ ကြောင်း ကြေညာသည်။

ရှေးဦးစွာ သဘာပတိ ဗိုလ်ချုပ် သိန်းဆွေက အဖွင့်အမှာစကား ပြော ကြားသည်။

ထို့နောက် အခမ်းအနားမှူးက မြန်မာ နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) ဒုတိယနေ့တွင် ကဏ္ဍများ အလိုက် နီးနှောဖလှယ်ပွဲများ၌ ဆွေးနွေး ကြမည့်ကိုယ်စားလှယ် ၁၇ဦး၏အမည် စာရင်းကို ဖတ်ကြားအတည်ပြုပြီး လူမှု

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❐

စိတ်ထားခိုင်ကျည် နီမြန်နီ

✪ တိုင်းပြည်လူမျိုး၊ ချစ်မြတ်နိုးလျက်
ဆွေမျိုးကိုပစ်၊ ချစ်သူပစ်ကာ
စစ်မှုထမ်းဘဝ၊ မြတ်နိုးလှ၍
တက်ကြွရွှင်လန်း၊ ဘဝလမ်းဝယ်
လျှောက်လှမ်းတာဝန် ကျေခဲ့သည်။

✪ ယမ်းငွေ့လူလူ၊ မီးခိုးအူသည့်
ရန်သူ၏တပ်၊ အထပ်ထပ်ကို
ကျော်ဖြတ်ချေမှုန်း၊ အားမာန်သုံးခဲ့
ဗုံးအမြောက်ဆန်၊ ပေါက်ကွဲသံလည်း
တေးသံအဖြစ်၊ ရင်မှာနှစ်ကာ
စစ်ရပ်စစ်မြေပျော်ခဲ့သည်။

✪ အောင်ပွဲရလျှင်၊ ဒို့ပျော်ရွှင်၍
အောင်မြင်သောခါ၊ ဒို့ဝမ်းသာ၏
ခါတလေများ၊ ကိုယ့်ဘက်သားတို့
ထိပါးဖိတ်စဉ်၊ကြုံကြိုက်လျှင်သော်
နာကျင်ရင်ထဲ၊ မျက်ရည်ဝဲလျက်
အခဲမကျေ၊ ရန်ကိုဖွေကာ
မှုန်းချေစွန့်စား၊ ရဲမာန်လွှားသည့်
စစ်သားဘဝမြတ်နိုးသည်။

✪ မည်သို့ဆိုစေ၊ ဒို့တစ်တွေသည်
ကိုယ့်မြေကိုယ့်ရပ်၊ သက်နှင်းအပ်လျက်
ချစ်မြတ်နိုးခြင်း၊ ပေးဆပ်ခြင်းဖြင့်
မယွင်းဝန်တာ၊ ကျေပွန်ပါခဲ့
တာဝန်မှနား၊ အငြိမ်းစားလည်း
စိတ်ထားခိုင်ကျည်၊ နီမြဲနီကာ
တိုင်းပြည်လူမျိုး၊ ချစ်မြတ်နိုး၏
အမျိုးသားရေး၊ ဖြစ်ဘိသေးလျှင်
မနေးလျင်စွာ၊ ပါဝင်ပါအံ့
"ငါမအိုသေး..."၊ ဆိုဟစ်ကြွေးလျက်
နီစွေးခိုင်ကြံ့၊ လက်ရုံးဆန့်ကာ
နိုင်ငံ့တာဝန် ထမ်းမည်တကား။ ။

[မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ကို ဂုဏ်ပြုလျက်...]

မြင်းမူမောင်နိုင်မိုး

မူးယစ်ဆေးဝ
အမျိုးသားေ

ဆိုခြင်းကို ဧည့်သည်တော်ကြီးများ ထင်ထင်ရှ
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံ
တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ
များ ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံ
တန်းတူ ဆောင်ရွက်နေသည်ဆိုခြင်းကို အခွ
ကြောင်း။

ယနေ့ကျရောက်သည့် ဇွန်လ ၂၆ရက်
ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝ
national Day Against Drug Abuse and

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်စဉ်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်း တင်ပြစဉ်။ (ကြေးမုံ)

ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်ရေးအတွက် ၁၅နှစ်စီမံကိန်
ပန်းတိုင်သစ်စီမံကိန်းကို ၂၀၀၂ခုနှစ် ဧပြီလကစပြီး အကောင်အထည်ဖေ

● **ရွှေဖုံးမှ**

ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ နိုင်ငံခြားသတင်းဌာနများဖြစ်ကြသော Kyodo News၊ Nihon Keizai Shimbun၊ Fuji TV၊ Asahi Shimbun၊ Tokyo Shimbun၊ AFP၊ TBS၊ NTV၊ TV Asahi၊ Ji Ji Press နှင့် Yomiuri Shimbun တို့မှ တာဝန်ရှိသူများနှင့် သတင်းထောက်များ၊ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများမှ ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများ၊ ဘင်ခရာအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အထူးတာဝန်တပ်ဖွဲ့မှ ဒုရဲအုပ် စန္ဒာပပဝင်းနှင့် သတင်းတပ်ဖွဲ့မှ ဒုရဲအုပ် ချစ်စန္ဒီလမင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြကြသည်။



ဖတ်ကြား

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်ထံမှ ပေးပို့သော သဝဏ်လွှာကို UNODC **ဌာနေကိုယ်စားလှယ်** Mr. Jean-Luc Lemahieu **ဖတ်ကြားစဉ်။** (ကြေးမုံ)

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယနေ့ ကျင်းပသည့်အခမ်းအနားသည် ကမ္ဘာ့လူသားမျိုးနွယ်အားလုံးကို လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည့် အခမ်းအနားဖြစ်၍ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြစဉ်။ (ကြေးမုံ)

အမှတ်အခမ်းအနားများကို နိုင်ငံတကာ၌ နှစ်
မြန်မာနိုင်ငံအနေဖြင့်လည်း အထိမ်းအမှတ်အ
ပြုလုပ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ထူးခြားသ
အနားကို မြန်မာနိုင်ငံက ဂုဏ်ပြုသောအနေ
ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်တစ်
ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ဤနေ့တွင် နှစ်

ယခုကဲ့သို့ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁
မီးရှို့ဖျက်ဆီးခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၉)ကြ
တွင်သာမကဘဲ နယ်စပ်ဒေသများနှင့် အခြားမြ
မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအ
ဖျက်ဆီးခဲ့သည်မှာ (၃၄)ကြိမ်ရှိပြီဖြစ်ကြော

ထူးထူးခြားခြားအေ

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီး
ငါးနှစ်ကစ၍ အရှိန်အဟုန် ပိုမိုရရှိလာပြီး ထူ
တွေ့ရကြောင်း၊ ယင်းအောင်မြင်မှုများကို သက
ထုတ်ပြန်သည့် အစီရင်ခံစာအရ မြန်မာနိုင

**ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက်
အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား
သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊
ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူမျ
ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြစဉ်။**

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၉၉၀ ပြည့်နှစ်ကစပြီး ရန်ကုန်မြို့၌ မီးရှို့ဖျက်ဆီးခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၉)ကြိမ်မြောက် ဖြစ်၊

နယ်စပ်ဒေသများနှင့် အခြားမြို့များတွင်လည်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအပြင် ဘိန်းမျိုးစေ့များကိုပါ မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၃၄)ကြိမ် ရှိပြီ ဖြစ်၊

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကဏ္ဍတွင် လွန်ခဲ့သော ငါးနှစ်ကစ၍ အရှိန်အဟုန် ပိုမိုရရှိလာပြီး ထူးထူးခြားခြား အောင်မြင်သည်ကို တွေ့ရ။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်နေ

...ွက် ၁၅နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့

ဆိုခြင်းကို ဧည့်သည်တော်ကြီးများ ထင်ထင်ရှားရှား တွေ့မြင်ရမည်ဖြစ်ကြောင်း။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက လူထုလှုပ်ရှားမှုများ ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများ တန်းတူ ဆောင်ရွက်နေသည်ဆိုခြင်းကို အခွင့်အခါ ကြုံကြိုက်စဉ်၌ တင်ပြလိုကြောင်း။

ယနေ့ကျရောက်သည့် ဇွန်လ ၂၆ရက်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (International Day Against Drug Abuse and Illicit Trafficking) အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံတကာ၌ နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ထူးခြားသည့်နေ့ရက် အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံက ဂုဏ်ပြုသောအနေဖြင့် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ဤနေ့တွင် နှစ်စဉ် ကျင်းပပြုလုပ်လေ့ရှိကြောင်း၊

ယခုကဲ့သို့ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၉၉၀ပြည့်နှစ်ကစပြီး ရန်ကုန်မြို့၌ မီးရှို့ဖျက်ဆီးခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၉)ကြိမ်မြောက်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်သာမကဘဲ နယ်စပ်ဒေသများနှင့် အခြားမြို့များတွင်လည်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအပြင် ဘိန်းမျိုးစေ့များကိုပါ မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၃၄)ကြိမ်ရှိပြီဖြစ်ကြောင်း။

ထူးထူးခြားခြားအောင်မြင်

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကဏ္ဍတွင် လွန်ခဲ့သော ငါးနှစ်ကစ၍ အရှိန်အဟုန် ပိုမိုရရှိလာပြီး ထူးထူးခြားခြား အောင်မြင်သည်ကို တွေ့ရကြောင်း၊ ယင်းအောင်မြင်မှုများကို သက်သေပြနေသည်မှာ UNODC မှ ထုတ်ပြန်သည့် အစီရင်ခံစာအရ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၂ခုနှစ်အတွင်း ၁၃ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှု ၈၂၈ တန် ရှိခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်အတွင်းတွင် ဘိန်းစိုက်ပျိုးမှု ၂၄ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှုအနေဖြင့် မက်ထရစ်တန် ၈၁၀ရှိခဲ့ကြောင်း၊ ၂၀၀၄ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၂၉ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှု မက်ထရစ်တန် ၃၇၀ ရှိခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

Opium Yield Survey အနေဖြင့် မြန်မာ-အမေရိကန် ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း တိုင်းတာရေးလုပ်ငန်းများကို နှစ်စဉ် ဆောင်ရွက်ခဲ့ရာတွင် ၁၉၉၆ခုနှစ်က တိုင်းတာရရှိခဲ့သည့်စာရင်းနှင့် ၂၀၀၄ခုနှစ် တိုင်းတာရရှိသော စာရင်းများ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဘိန်းထုတ်လုပ်မှုအခြေအနေကို နှိုင်းယှဉ်ကြည့်ပါက ကိုးနှစ်အတွင်း ၈၈ရာခိုင်နှုန်းထိ လျော့နည်းကျဆင်းသွားကြောင်းနှင့် ဘိန်းစိုက်ပျိုးမှုမှာ ၈၁ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားကြောင်း သုံးသပ်တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်သွားအောင် တားဆီးနှိမ်နင်းရေးကဏ္ဍများသာမကဘဲ စိုက်ပျိုးထုတ်လုပ်မှု လျော့ကျပပျောက်သွားစေရန် (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့သည်မှာ ယခုအချိန်ဆိုလျှင် ပထမ (၅)နှစ်ကာလကုန်လွန်ခဲ့၍ ဒုတိယ (၅)နှစ်တာကာလ၏ ဒုတိယနှစ်ကို ကျရောက်နေပြီဖြစ်ကြောင်း၊ ပထမ (၅)နှစ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာမှုများအပေါ် သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ခြင်း၊ တက်ကြွစွာ ကွပ်ကဲကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအာဏာပိုင်များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများ၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ခုစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကြောင့် နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာခြင်းကြောင့် လည်းကောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ ပထမ(၅)နှစ်စီမံကိန်း ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရကြောင်း။

ရန်ကုန်မြို့တွင် (၁၉)ကြိမ်မြောက် ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများ

ဘိန်း	၆၂၅ ဒသမ ၀၂၉ကီလို
ဘိန်းဖြူ	၇၅၉ ဒသမ ၂၀၁ကီလို
ဆေးခြောက်	၁၃၉ ဒသမ ၉၉၇ကီလို
စိတ်ကြွရူးသွပ်ဆေးပြား	၃၀၂၉၀၀၀ပြား
	၃၀၂ ဒသမ ၉၀၀ကီလို
စိတ်ကြွဆေးမှုန့်	၁၄ ဒသမ ၇၆၃ကီလို
အက်ဖီဒရင်ဆေးမှုန့်	၉၃ ဒသမ ၃၁၆ကီလို
ICE	၁၇၉ ဒသမ ၆၄၆ကီလို
ဒိုင်ယာဇီပမ်ဆေးပြား	၃၁၀၂၈၅ပြား

အောင်မြင်အောင်ဆောင်ရွက်မည်

ဒုတိယ (၅)နှစ်စီမံကိန်းအောင်မြင်ရေးကိုလည်း မူလလုပ်ငန်းတာဝန်ကြီးများဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့် လုပ်ငန်းစဉ်တို့ကိုလည်း (၁၅)နှစ် စီမံကိန်း ရည်မှန်းချက်များအတိုင်း အောင်မြင်အောင် အစွမ်းကုန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလိုကြောင်း၊ ပထမ(၅)နှစ်ကာလအတွင်း ရရှိခဲ့သည့် အောင်မြင်မှုများ၊ တွေ့ကြုံရသည့် အခက်အခဲများအပေါ် အခြေခံပြီး လာမည့် ဒုတိယ(၅)နှစ်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရန် စီမံထားရှိကြောင်း၊ ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ရှေ့ပြေးစီမံကိန်းအဖြစ် ပန်းတိုင်သစ်စီမံကိန်းကိုလည်း ၂၀၀၂ခုနှစ် ဧပြီလကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ၌ အောင်မြင်မှုများရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံအတွင်း ဘိန်းနှင့် ဘိန်းဖြူဖမ်းဆီးရမိမှုများအား ၁၉၉၇ခုနှစ်မှ ယခုနှစ်အထိ နှိုင်းယှဉ်သုံးသပ်လျှင် ၁၉၉၇ခုနှစ်တွင် ဘိန်းကီလို ၇၈၀၀ကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၄ခုနှစ်တွင် ဘိန်းကီလို ၆၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၁၉၉၇ခုနှစ်တွင် ဘိန်းဖြူကီလို ၁၄၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၄ခုနှစ်တွင် ဘိန်းဖြူကီလို ၉၇၀ကျော် ဖမ်းဆီးရမိခဲ့ကြောင်း တွေ့ရှိသည့်အပြင် ဘိန်းနှင့် ဘိန်းဖြူများကို နှစ်စဉ် လျော့နည်းဖမ်းဆီးရမိခဲ့ကြောင်း တွေ့ရှိရကြောင်း။

စိတ်ကြွရူးသွပ်ဆေးအန္တရာယ်

မြန်မာနိုင်ငံတွင် ဘိန်းနှင့် ဘိန်းဖြူများကို လျော့နည်းဖမ်းဆီးရမိခဲ့သည့်အပြင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကိုလည်း လျှော့ချနိုင်ခဲ့သော်လည်း တစ်ဖက်က စိတ်ကြွရူးသွပ်ဆေးပြားအန္တရာယ်တွေက ခြိမ်းခြောက်လာသည်ကို တွေ့ရကြောင်း၊ ၁၉၉၆ခုနှစ်မှစတင်ပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို မြန်မာနိုင်ငံတွင် စတင်ဖမ်းဆီးရမိခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှုကို ၁၉၉၆ခုနှစ်မှ ၂၀၀၄ခုနှစ်ထိ နှိုင်းယှဉ်လျှင် နှစ်စဉ် တိုးမြှင့်ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၁ခုနှစ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၂သန်းကျော်အထိ အများဆုံး စံချိန်တင် ဖမ်းဆီးရမိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် မြို့နယ်စုစုပေါင်း ၃၈၃မြို့နယ်ရှိသည့်အနက် မြို့နယ်ပေါင်း ၁၀၀ တွင် စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိသည့် မြို့နယ်ရာခိုင်နှုန်းမှာ ၂၆ ဒသမ ၁ရာခိုင်နှုန်း ရှိကြောင်း။

ထို့ပြင် ၂၀၀၁ခုနှစ်မှ စတင်ပြီး စိတ်ကြွရူးသွပ်ဆေးပုံဆောင်ခဲဖြစ်သည့် အိုက်စ်များကို ဖမ်းဆီးရမိခဲ့ကြောင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

ဖတ်ကြား

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်ထံမှ ပေးပို့သော သဝဏ်လွှာကို UNODC ဌာနေကိုယ်စားလှယ် Mr. Jean-Luc Lemahieu ဖတ်ကြားစဉ်။ (ကြေးမုံ)

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား တွေ့ရစဉ်။ (ကြေးမုံ)

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါး အာနိသင်ပါသော ဖမ်းဆီးရမိ ချောင်းဆိုးပျောက်ဆေးရည်များကို ဖျက်ဆီးကြစဉ်။ (ကြေးမုံ)

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြစဉ်။ (ကြေးမုံ)

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (ကြေးမုံ)

စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများ မြန်မာနိုင်ငံ၌ ထုတ်လုပ်ခြင်းမဟုတ် မသမာသူများက နည်းမျိုးစုံသုံးပြီး နိုင်ငံအတွင်းတင်သွင်းနေခြင်းကြောင့် ဓာတုပစ္စည်းထိန်းချုပ်ရေး အရေးတကြီးဆောင်ရွက်နေ

❁ စာမျက်နှာ ၉ မှ

၂၀၀၁ခုနှစ်မှ ၂၀၀၅ခုနှစ်ထိ စိတ်ကြွရူးသွပ်ဆေး ပုံဆောင်ခဲအိုက်စ်များကို ခုနစ်ကြိမ် ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်းအလေးချိန် ၁၃၁၅ ကီလိုရှိကြောင်း၊ ယခုကဲ့သို့ အိုက်စ်များကို ဖမ်းဆီးရမိခဲ့သည့်အပြင် ၂၀၀၁ ခုနှစ်မှစတင်ပြီး စိတ်ကြွရူးသွပ်ဆေးတစ်မျိုးဖြစ်သော ခေါင်းခါဆေးလို့ခေါ်သည့် Ecstasy ဆေးပြားများကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း၊ Ecstasy ဆေးပြားများကို ၂၀၀၁ ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ လေးကြိမ်ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်းအရေအတွက် ၃၅၅ ပြားရှိကြောင်း။

စိတ်ကြွရူးသွပ်ဆေးများနှင့် ပတ်သက်၍ နှစ်စဉ်တိုးမြှင့်ဖမ်းဆီးရမိခဲ့သည့်အပြင် အမျိုးအစားအသစ်များကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့၍ စိတ်ကြွရူးသွပ်ဆေးပြားများကို အထူးသတိထားအာရုံစိုက်ပြီး ဖော်ထုတ်ဖမ်းဆီးရန်လိုအပ်ကြောင်း အသိပေးပြောကြားလိုကြောင်း။

စိတ်ကြွရူးသွပ်ဆေးပြားများကို ထုတ်လုပ်ရန်အတွက် လိုအပ်သည့်ဓာတုပစ္စည်းများကိုလည်း ၂၀၀၃ခုနှစ်တွင် လစ်တာ သုံးသောင်းကိုးထောင်ကျော်၊ ၂၀၀၄ခုနှစ်တွင် လစ်တာ တစ်သောင်းခုနစ်ထောင်ကျော်၊ ၂၀၀၅ခုနှစ် မေလအထိ ဓာတုဆေးရည်လစ်တာ တစ်သောင်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် အက်ဖီဒရင်း၊ ကေဖင်းနှင့် ဓာတုပစ္စည်းများသည် မြန်မာနိုင်ငံ၌ ထုတ်လုပ်ခြင်းမဟုတ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများက တရားမဝင်မှောင်ခိုသယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း ဓာတုပစ္စည်းများ တရားမဝင်လမ်းကြောင်းသို့ ရောက်ရှိမသွားအောင် တားဆီးကာကွယ်ထိန်းချုပ်ဆောင်ရွက်လျက်ရှိနေသည်ကို မိမိတို့သိရှိကြောင်း၊ သို့ရာတွင် မသမာသူများအနေဖြင့် နည်းမျိုးစုံသုံးပြီး မြန်မာနိုင်ငံအတွင်းကို တင်သွင်းနေကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဓာတုပစ္စည်းထိန်းချုပ်ရေးကို အရေးတကြီးဆောင်ရွက်နေပါသည်ဟု အလေးအနက်ထား အသိပေးပြောကြားလိုကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံတစ်နိုင်ငံတည်း ကြိုးပမ်းဆောင်ရွက်၍ မအောင်မြင်နိုင်ဘူးဆိုသည်ကို သဘောပေါက်ခံယူထားသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် မျက်နှာစာကိုဖွင့်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံချင်း၊ သုံးနိုင်ငံနှင့် ဒေသခွဲအတွင်း နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ထူးခြားချက်

နောက်ထူးခြားချက်မှာ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုနှစ်ပိုင်းများတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသဆက်ဆံရေးရုံးများကို ကချင်ပြည်နယ်၊ လွယ်ဂျယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သကဲ့သို့ မြန်မာ-ထိုင်းနယ်စပ်ဒေသ ဆက်ဆံရေးရုံးများကို မြဝတီနှင့် တာချီလိတ်မြို့များတွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ-လာအိုနှစ်နိုင်ငံ နယ်စပ်ဒေသဆက်ဆံရေးရုံးကိုလည်း တာချီလိတ်မြို့တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း မြန်မာနှင့်ထိုင်းနိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကော့သောင်းမြို့နှင့် တာချီလိတ်ခရိုင် ဝမ်ပုံ၊ ဝမ်ကျင်းတို့တွင် နယ်စပ်ဆက်ဆံရေးရုံးများကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၀၁ခုနှစ်မှ ယနေ့အထိ အိမ်နီးချင်း တရုတ်နိုင်ငံသို့ မူးယစ်ဆေးဝါးတရားခံ ၃၅ ဦးကို (၁၃)ကြိမ်လွှဲအပ်ခဲ့ပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးအမှုဖြင့်အလိုရှိသည့် တရားခံနှစ်ဦးအား ၂၀၀၅ ခုနှစ် ဧပြီလတွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ထိုင်းနိုင်ငံသို့ မူးယစ်ဆေးဝါးတရားခံနှစ်ဦးအား မြန်မာနိုင်ငံက လွှဲပြောင်းပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံသို့လည်း မူးယစ်ဆေးဝါးအမှုဖြင့်အလိုရှိသည့် မြန်မာနိုင်ငံသားတစ်ဦးကို ယခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

ဤနေရာတွင် အလျဉ်းသင့်၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အမှုအချို့ကို တင်ပြလိုကြောင်း၊ ၂၀၀၄ခုနှစ် ဇူလိုင်လဆန်းတွင် မွန်ပြည်နယ် ရေးမြို့နယ်ရှိ နှစ်ကရင်ကျေးရွာတွင် စိုးစံဇုန် ငါးဖမ်းစက်လှေဖြင့် နိုင်ငံတကာပင်လယ်ပြင်သို့ ပို့ဆောင်မည့် ဘိန်းဖြူဘလောက်တုံး ၈၄၇တုံး၊ အလေးချိန် ၅၉၂ ဒသမ ၅၂ ကီလိုကို ဖမ်းဆီးရမိခဲ့၍ နိုင်ငံခြားတွင်ရှိနေသည့် အဓိကတရားခံများကို ဖမ်းဆီးရမိရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်အတွင်း မလေးရှားနိုင်ငံသို့ တင်ပို့မည့် သစ်သားပွတ်လုံးတိုင်များအတွင်း ထည့်သွင်းထားသည့် အိုက်စ် ၁၇၈ ကီလိုဖမ်းဆီးရမိခဲ့ပြီး ၂၀၀၅ခုနှစ်၊ မေလအတွင်း ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်အတွင်း အိုက်စ် ၁၀၂ကီလို ဖမ်းဆီးရမိခဲ့ကြောင်း၊ အိုက်စ်များ ဖမ်းဆီးရမိမှုနှစ်မှုနှင့် ပတ်သက်၍လည်း အဓိကတရားခံများ ဖမ်းဆီးရမိရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

တစ်ဖက်တွင်လည်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ ဗဟိုအဆင့်သာမကဘဲ အောက်ခြေအဆင့် အစည်းအဝေးများ ပုံမှန်ကျင်းပပြီး သတင်းဖလှယ်ဆောင်ရွက်မှုများ နှစ်စဉ်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ရလဒ်များအရ နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သူများ၏ လှုပ်ရှားမှုများ လျော့နည်းလာခဲ့သည်ကို တွေ့ရကြောင်း။

အစွမ်းကုန်တိုးမြှင့်

ဒေသခွဲအတွင်း အိမ်နီးချင်းနိုင်ငံများ၏ ပေါ်လွင်ထင်ရှားသည့် ဆောင်ရွက်ချက်များတွင်လည်း မိမိတို့နိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက်ကို တိုက်ရိုက်အထောက်အပံ့ဖြစ်စေသည့်အတွက် မိမိတို့ဘက်ကလည်း အစွမ်းကုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

ဤနေရာတွင် ဧည့်သည်တော်များနှင့် နိုင်ငံတကာကို အသိပေးပြောကြားလိုသည်မှာ မြန်မာနိုင်ငံသည် နိုင်ငံတကာအကူအညီအထောက်အပံ့ မရရှိခဲ့ပေမယ့် မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတော်အကြီးအကဲများ၏ ချမှတ်ထားသော လမ်းညွှန်ချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို လိုက်နာကျင့်သုံးလျက် ကိုယ့်အားကိုယ်ကိုးပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ယခုကဲ့သို့ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့သော အကြိမ်ပေါင်း (၁၉)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယနေ့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများအနက် အချို့ကို ဖော်ပြရမည်ဆိုလျှင်-

ဘိန်း	**၆၂၅ ဒသမ ၀၂၉ ကီလို၊**
ဘိန်းဖြူ	**၇၅၉ ဒသမ ၂၀၁ ကီလို၊**
ဆေးခြောက်	**၁၃၉ ဒသမ ၉၉၇ ကီလို၊**
စိတ်ကြွရူးသွပ်ဆေးပြား	**၃၀၂၉၀၀၀ ပြား၊**
	၃၀၂ ဒသမ ၉၀၀ ကီလို၊
စိတ်ကြွဆေးမှုန့်	**၁၄ ဒသမ ၇၆၃ ကီလို၊**
အက်ဖီဒရင်ဆေးမှုန့်	**၉၃ ဒသမ ၃၁၆ ကီလို**
ICE	**၁၇၉ ဒသမ ၆၄၆ ကီလိုနှင့်**
ဒိုင်ယာဇီပမ်ဆေးပြား	**၃၁၀၂၈၅ ပြား** တို့ဖြစ်ကြောင်း။

ယနေ့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၏တန်ဖိုးသည် အမေရိကန်နိုင်ငံလမ်းမပေါ်က လက်လီဈေးနှုန်းအရ တွက်မည်ဆိုလျှင် အမေရိကန်ဒေါ်လာသန်းပေါင်း ၃၂၈သန်းကျော်ရှိကြောင်းတင်ပြလိုကြောင်း၊ ပထမအကြိမ်မှ ယခု (၁၉)ကြိမ်အထိ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄,၆၆၀ သန်းကျော် ရှိကြောင်းလည်း တင်ပြလိုကြောင်း။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို မီးရှို့ခြင်းမပြုမီ လက်တွေ့စမ်းသပ်လေ့လာနိုင်ပါကြောင်း တစ်ဆက်တည်း ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသွားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် မူးယစ်ဆေးဝါး အာနိသင်ပါသော ဖမ်းဆီးရမိ ချောင်းဆိုးပျောက်ဆေးရည်များကို သတ်မှတ်ထားသည့်နေရာတွင် ဖျက်ဆီးပေးကြပြီး ခင်းကျင်းပြသထားသော မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့ နာယက၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr. Li Jinjun တို့က စက်ခလုတ်ကို ပြိုင်တူနှိပ်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ရုံအတွင်း မီးရှို့ဖျက်ဆီးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ဌာနေကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)



ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (ကြေးမုံ)

သဝဏ်လွှာဖတ်ကြား

ဇွန် ၂၆ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာအား ဒလမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင် ဖတ်ကြားစဉ်။ (၅၂၉)





MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသော မြေနမူနာအား ဓာတ်ခွဲစမ်းသပ်ခြင်း
၇း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၅	သစ်သီးပင်မျိုးပွားနည်းများ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	Davids Cup တင်းနစ်ပြိုင်ပွဲ
၉း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ကလေးများနဲ့ ကျန်းမာရေး
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ရေနွေးငွေ့သုံးဆန်အရောင်တင်စက်
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ပေါင်းမြက်များကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ
၁၀း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀	ရွှေဂုဏ်ဆောင် မြန်မာ့အလေးမအားကစား
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

▲ စာမျက်နှာ ၅ မှ

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိကြသူများအား ဆုများချီးမြှင့်ရာ ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းမှ ဦးထွေးမောင်(ရေတာရှည်-မောင်ငြိမ်းငယ်)၊ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) နှင့်တတိယဆုရ ဧရာဝတီတိုင်းမှ ရဲအုပ်ရဲညွှန့် (ရဲရဲထွန်း-ဟသ်ာတ) တို့အား ဆုများချီးမြှင့်သည်။

ဆောင်းပါးဆု

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆောင်းပါးပြိုင်ပွဲတွင်ပထမဆုရ ရန်ကုန်တိုင်းမှ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်အေး(ထက်ထက်ဦးဝေ)နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ အရာခံဗိုလ်စန်းလွင်(ရဲတံခွန်-ဘောလယ်ကျွန်း)တို့အား ဆုများချီးမြှင့်သည်။

ကဗျာဆု

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ကဗျာပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ နန်းစောညွန့် (စောငယ်ငယ်-မိုးညှင်း)၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးသန်းဝင်း(မင်းယဉ်စု)နှင့် တတိယဆုရ ပဲခူးတိုင်းမှမစောဣန္ဒာသက်မောင်တို့အား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမြဦးက တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မမေရတနာ(ရွှန်းလဲ့ရတနာ)၊ဒုတိယဆုရ ရန်ကုန်တိုင်းမှတပ်ကြပ်ကြီးမျိုးဝင်း(နေမျိုးဝင်း)နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ကိုလေးနိုင်(လေးနိုင်မင်း)တို့အားလည်းကောင်း၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်က ပန်းချီပြိုင်ပွဲ (အသက် ၁၀ နှစ်အောက်)တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်(မြို့မ) အခြေခံပညာ အလယ်တန်းကျောင်းမှ မမေထူးမွန်၊ ဒုတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂၄)အခြေခံပညာ မူလတန်းကျောင်းမှ မောင်သူရပိုင်စိုးနှင့်တတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မနီလာရွှန်းလက်တို့အားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

ပန်းချီဆု

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပန်းချီပြိုင်ပွဲ (အသက်၁၀နှစ်မှ ၁၅နှစ်)တွင် ပထမဆုရ ရန်ကုန်တိုင်းပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မခိုင်မြတ်မျိုးထွန်းလင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မောင်ဟိန်းထက်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စည်သူအောင်တို့အားလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုက ပန်းချီပြိုင်ပွဲ (အသက် ၁၅နှစ်မှ ၂၀နှစ်)တွင် ပထမဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝင်းမြတ်သူ၊ဒုတိယဆုရ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်မှ မောင်စည်သူအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်း ဒဂုံတက္ကသိုလ်မှ မောင်ရဲထွဋ်အောင်တို့အားလည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းက ပန်းချီပြိုင်ပွဲ (အသက် ၂၀နှစ်အထက်)တွင် ပထမဆုရ ရန်ကုန်တိုင်းမှ ဦးအောင်မိုး(ရှမ်းလေးပန်းချီ)၊ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသဇင်စိုးမြင့်နှင့် တတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးမောင်မောင်တို့အား လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ကာတွန်းပြိုင်ပွဲ(အသက်၁၀နှစ်အောက်)တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မပန်းအိန္ဒြေနိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းမှမမေမြတ်နိုးနွယ်နှင့် တတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းမှ မဖြိုးအိဇင်တို့အား လည်းကောင်း၊ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ကာတွန်းပြိုင်ပွဲ (အသက် ၁၀နှစ်မှ ၁၅နှစ်)တွင် ပထမဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကျော်လွင်၊ဒုတိယဆုရ မန္တလေးတိုင်း မန္တလေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်သူရနှင့် တတိယဆုရ ရန်ကုန်တိုင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မောင်ရဲဇာနည်အောင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ၊ အငြိမ်းစားသံအမတ်ကြီး ဦးစံသိန်းက ကာတွန်းပြိုင်ပွဲ (အသက်၁၅နှစ်မှ ၂၀နှစ်)တွင် ပထမဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီး ပညာရေးကောလိပ်မှ မပြည့်ချစ်၊ဒုတိယဆုရ ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝေယံမြင့်နှင့် တတိယဆုရ ရန်ကုန်တိုင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မဝင်းဝင်းမော်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ၊ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်က ကာတွန်းပြိုင်ပွဲ (အသက် ၂၀နှစ်အထက်)တွင်ပထမဆုရ ရန်ကုန်တိုင်းမှ မနီလာမြင့်(ကာတွန်းနီလာမြင့်-မြို့တော်စည်ပင်)၊ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသီတာမြင့်(သီတာမြင့်-နယ်စပ်/စည်ပင်)နှင့်တတိယဆုရ ရန်ကုန်တိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်မျိုးဟန်တို့အားလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပိုစတာပြိုင်ပွဲ (အသက် ၁၀နှစ်အောက်)တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့ (မြို့မ)အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ထူးထက်ကျော်၊ဒုတိယဆုရ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်ဇင်သန့်နှင့်တတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့ (မြို့မ)အခြေခံပညာ အလယ်တန်းကျောင်းမှ မထူးထက်ထက်လင်းတို့အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ပိုစတာဆု

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က ပိုစတာပြိုင်ပွဲ (အသက်၁၀နှစ်မှ ၁၅နှစ်)တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်သက်မိုးနိုင်၊ဒုတိယဆုရ ရန်ကုန်တိုင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မောင်ဟိန်းထက်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မအေးဝတီကိုကိုတို့အား လည်းကောင်း၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးရဲမှူးချုပ်မြင့်သိန်းက ပိုစတာပြိုင်ပွဲ (အသက်၁၅နှစ်မှ အသက်၂၀) တွင် ပထမဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဇင်ကိုကို၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံတက္ကသိုလ်မှ မောင်ရဲထွဋ်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်း ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲမြတ်အောင်တို့အား လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးက ပိုစတာပြိုင်ပွဲ(အသက်၂၀နှစ်အထက်)တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့မှ မောင်ရဲထွဋ်အောင်(လောကနတ်ပန်းချီ)၊ ဒုတိယဆုရ ရန်ကုန်တိုင်း သန်လျင်မြို့နယ်မှ မောင်ဇော်ထက်နှင့် တတိယဆုရ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်မှ ဦးဌေးအောင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန်က ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း စီးပွားရေးတက္ကသိုလ်(ရန်ကုန်)မှ ကိုစည်သူအောင်၊ ဒုတိယဆုရ ကချင်ပြည်နယ် ဗန်းမော်ဒီဂရီကောလိပ်မှ မောင်မိုးထက်ကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်း စီးပွားရေးတက္ကသိုလ်(ရန်ကုန်)မှ မောင်မင်းထက်ကျော်တို့အားလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်က ကွန်ပျူတာပန်းချီ(အလယ်တန်းအဆင့်)ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ မောင်ကျော်ထက်နောင်၊ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထက်နိုင်လင်းနှင့် တတိယဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းမြတ်ထူးတို့အားလည်းကောင်း၊ ကုလသမဂ္ဂမူးယစ်ဆေးနှင့် မှုခင်းဆိုင်ရာရုံး(UNODC) ဌာနေ ကိုယ်စားလှယ် Mr. Jean-Luc Lemahieu က ကွန်ပျူတာပန်းချီ (အထက်တန်းအဆင့်)ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မသရဖူအောင်၊ ဒုတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်းမှ မောင်ဇောတိကမောင်မောင်မြင့်နှင့် တတိယဆုရ မန္တလေးတိုင်း မန္တလေးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ မအေးဖြူငြိမ်းတို့အားလည်းကောင်း၊AHRN (မြန်မာ)မှ ညှိနှိုင်းရေးမှူး Mr. Willy De Maere က ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဦးသန်းဝေ(သန်းဝေ-တောင်ကြီး)၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးဝင်းမင်းထိုက် (Forever Group)နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးအောင်ကျော်ထွန်း(ပုသိမ်ကြီး)တို့အား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

ဂုဏ်ပြုပေးအပ်

ယင်းနောက် ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာပေ၊ တေးသီချင်း၊ ပန်းချီ၊ကာတွန်း၊ပိုစတာ၊ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲ အကဲဖြတ်ရွေးချယ်စိစစ်ရေးအဖွဲ့များအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဝတ္ထုတိုအကဲဖြတ်အဖွဲ့ ကိုယ်စား ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဆောင်းပါးအကဲဖြတ်အဖွဲ့ကိုယ်စား ဦးလှထွန်း(လှထွန်း-တွံတေး)၊ ကဗျာအကဲဖြတ်အဖွဲ့ကိုယ်စား ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(အငြိမ်းစား) (မြင်းမူမောင်နိုင်မိုး)၊ တေးသီချင်းအကဲဖြတ်အဖွဲ့ကိုယ်စား ဦးမြင့်ငွေ(ဟသ်ာတမြင့်ငွေ)၊ ပန်းချီအကဲဖြတ်အဖွဲ့ကိုယ်စား ဦးကြည်ဝင်း၊ ကာတွန်းအကဲဖြတ်အဖွဲ့ကိုယ်စား ဦးမောင်မောင်လှိုင်(ကာတွန်းရွှေမင်းသား)၊ ပိုစတာအကဲဖြတ်အဖွဲ့ကိုယ်စား ရဲမှူးကြီးခင်မောင်ထွန်း(အငြိမ်းစား)(ခင်မောင်ထွန်း-လမ်းမတော်)၊ ကွန်ပျူတာပန်းချီအကဲဖြတ်အဖွဲ့ကိုယ်စား ဒေါက်တာပိုက်တင်၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာအကဲဖြတ်အဖွဲ့ကိုယ်စား ဒေါက်တာကျော်သိန်းနှင့် ဓာတ်ပုံအကဲဖြတ်အဖွဲ့ကိုယ်စား ဦးမောင်မောင်သောင်းတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများအသီးသီးပေးအပ်ပြီး နံနက် ၁၀ နာရီ မိနစ် ၄၀တွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီးဒေါက်တာမြဦး ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇွန် ၂၁ မှ ၂၂ရက်အထိ ကျင်းပသည့် အာရှပစိဖိတ် ဒေသတွင်းနိုင်ငံများ၏ ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များဆိုင်ရာ အဆင့်မြင့် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့ပြီး ဇွန် ၂၄ရက်ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးအား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့်အတူ အဖွဲ့ဝင်အဖြစ် ကျန်းမာရေး စီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ကြိုင် ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို တောင်ဥက္ကလာပမြို့နယ် အထက (၃) ခန်းမ၌ ဇွန် ၂၄ ရက်က ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာဘသောင်း မူးယစ်ဆေးစွဲရောဂါအကြောင်းနှင့် 'ကုသကာကွယ် မူးယစ်အန္တရာယ်အကြောင်း'ကို ပညာပေးဟောပြောစဉ်။ (မြို့နယ်ပြန်/ဆက်)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇွန် ၂၆

လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ ဇွန်လ ၂၇ ရက် ညနေထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့ တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည်တစ်နာရီလျှင် ၃၅မိုင်နှင့် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈း၀၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၀ ၈။ အဆိုပြိုင်ပွဲ
၈း၂၀ ၉။ ဆင်ဖြူရှင်တံတား
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Grammar Made Easy.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ အထူးပြုများ) (ရူပဗေဒ)
၅း၁၅ ၆။ အကပဒေသာ
၅း၃၀ ၇။ အတီးပြိုင်ပွဲ
၅း၄၅ ၈။ တေးဂီတအစီအစဉ်
၆း၀၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၆း၀၅ ၁၀။ တေးဂီတအစီအစဉ်
၆း၁၅ ၁၁။ ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ (ပဲခူးတိုင်း)
၆း၂၅ ၁၂။ Discovery.
၆း၃၀ ၁၃။ ညနေခင်းသတင်း
၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၅။ တေးဂီတအစီအစဉ်
၇း၂၀ ၁၆။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၇း၃၅ ၁၇။ တေးဂီတအစီအစဉ်
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမာန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း-၂၉)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး အားသွန်တည်ဆောက်နေ ပြည်ပ၊ ပြည်တွင်း အန္တရာယ်များကို ပြည်သူ့သဘောထား(၄)ရပ်ပြဋ္ဌာန်းပြီး တားဆီးကာကွယ်လျက်ရှိ



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)အကြို ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

ယင်းနောက် အခမ်းအနားမှူးက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အကြို ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်ပေါင်း ၄၂၃ ဦး ရှိသည့်အနက် ယနေ့ ညှိနှိုင်းအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ် ၄၁၆ဦး တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၃၄ ရာခိုင်နှုန်းရှိသဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) အကြို ညှိနှိုင်းအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုညှိနှိုင်းအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အမှာစကားပြော

အစီအစဉ်အရ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) အကြို ညှိနှိုင်းအစည်းအဝေး သဘာပတိ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (အငြိမ်းစား)က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တပ်မတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာစေရေးအတွက် အဘက်ဘက်က အားသွန်ကြိုးပမ်း တည်ဆောက်နေသည့် ကာလဖြစ်ကြောင်း၊ ယင်းသို့ နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး (၃)ပါးကို အမျိုးသားနိုင်ငံရေး လမ်းစဉ်အဖြစ် ချမှတ်ပြဋ္ဌာန်းပြီး နိုင်ငံတော်ကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အဘက်ဘက်က ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်သည့်အခါတွင် ပြည်ပနိုင်ငံကြီးအချို့၏ ခြိမ်းခြောက်မှု၊ စွက်ဖက်မှုများရှိသကဲ့သို့ ပြည်တွင်းက အမျိုးသား သစ္စာဖောက်များ၏ နှောင့်ယှက်မှုအန္တရာယ်များ ကာကွယ်ရန်အတွက် ပြည်သူ့သဘောထား (၄)ရပ်ကိုပြဋ္ဌာန်းပြီး တားဆီးကာကွယ်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြန်လည်ဖွဲ့စည်း

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၉၉၈ ခုနှစ် အောက်တိုဘာ ၂၁ရက်နေ့တွင် အမိန့်အမှတ်(၄/၉၈)ဖြင့် ဗဟိုစည်းရုံးရေးကော်မတီကို ကော်မတီဝင် ၃၅ဦးဖြင့် ပြန်လည်ဖွဲ့စည်းပေးခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် ဗဟိုစည်းရုံးရေးကော်မတီဝင်များကို ပြည်နယ်နှင့်တိုင်းအလိုက် ပြန်လည်ဖွဲ့စည်းရေး တာဝန်များပေးအပ်ပြီး ပြည်နယ်နှင့်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ၊ ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များနှင့် မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီများ အဆင့်ဆင့်ကို စနစ်တကျပြန်လည် ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ကြီးကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ ၂၀၀၁ ခုနှစ်ကို ၂၀၀၁ခုနှစ် ဇွန် ၁ ရက်မှ ဇွန် ၅ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ညီလာခံကြီးက ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကိုလည်း ချမှတ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယကကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်သြဝါဒများကို လုပ်ငန်း လမ်းညွှန်အဖြစ်ခံယူပြီး အမျိုးသားနိုင်ငံရေးရာ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ၊ စီးပွားရေးရာ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း စသည့် လုပ်ငန်းတာဝန်ကြီး(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၂၀၀၁)ခုနှစ် ညီလာခံကချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကိုလည်း ယနေ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)ခုနှစ်ကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်း အသီးသီး၌ ၂၀၀၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၀၀၅ ခုနှစ် ဇွန် ၅ ရက်အထိ ပြည်နယ်နှင့်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များက အကြို ညီလာခံများကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ အကြိုညီလာခံများ ကျင်းပရာမှာလည်း ဗဟိုစည်းရုံးရေးကော်မတီဝင်များအနေနှင့် စည်းရုံးရေးလုပ်ငန်း နယ်မြေအလိုက် တက်ရောက် ကြီးကြပ်ခဲ့ကြကြောင်း၊ အကြိုညီလာခံမကျင်းပမီ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းများ၌ ညီလာခံဆိုင်းဘုတ်တင်ပွဲများကိုလည်း အခမ်းအနားများကျင်းပပြီး စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ယင်း အကြိုညီလာခံများမှာလည်း ပြည်နယ်နှင့်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များသည် လုပ်ငန်းတာဝန်ကြီး (၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှု အစီရင်ခံစာများ တင်သွင်းခြင်း၊ ကိုယ်စားလှယ်များမှ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဦး အောင် သောင်း ညီလာခံ ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း စသည့် လုပ်ငန်းရပ်များကိုလည်း စနစ်တကျ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ကြီး၏ ရည်မှန်းချက် တာဝန်များ ပြည့်မြောက်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်များ ပိုမိုတိုးတက်အောင်မြင်အောင် ယခု ညီလာခံကြီးတွင် ကဏ္ဍအလိုက် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆွေးနွေးကြသည့်အခါ ပြည်နယ်နှင့် တိုင်းအလိုက် ကိုယ်စားလှယ်တော်ကြီးများအနေနှင့် မိမိတို့ဒေသအလိုက် ဖြစ်ထွန်းတည်ရှိနေသည့် အခြေအနေများနှင့်ထင်ဟပ်ပြီး ဆွေးနွေးသွားကြရန် လိုသကဲ့သို့ အဖွဲ့ကြီးတိုးတက်ထွန်းကားရေးအတွက် ရည်မှန်းချက်ထားပြီး ယခင်က ဆောင်ရွက်ချက်များ၏ အားနည်းချက်များရှိပါက ဝေဖန်အကြံပြုပေးကြပါရန်နှင့် ရှေ့လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်အောင် အပြုသဘောဆောင်၍ အကြံပြုဆွေးနွေး သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သောင်းက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ညီလာခံဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကျင်းပပြီးစီး

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)တွင် လုပ်ငန်းကဏ္ဍများဖြစ်သော အမျိုးသားနိုင်ငံရေးရာကဏ္ဍ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍများအလိုက် နီးနှောဖလှယ်ပွဲများပြုလုပ်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များနှင့် အစုအဖွဲ့များကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (၂၀၀၅) အကြိုညှိနှိုင်းအစည်းအဝေး နံနက် ၉နာရီတွင် ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)အကြို ညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဒုတိယအရာခံဗိုလ် မေသက်ပိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယအရာခံဗိုလ် စန္ဒာစိုးဝင်းတို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကွန်ပျူတာအရောင်းပြခန်းဖွင့်

ရန်ကုန် ဇွန် ၂၆

Lucky Bird ကွန်ပျူတာ အရောင်းပြခန်းသစ်၊ Service Centre နှင့် Ocean Gate Training Centre သင်တန်းကျောင်း မိတ်ဆက်ပွဲအခမ်း အနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ အရောင်းခန်းမနှင့် သင်တန်းကျောင်း၌ကျင်းပရာ ဌာနဆိုင်ရာများ၊ ကွန်ပျူတာ အရောင်းကိုယ်စားလှယ်များနှင့် စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် Lucky Bird Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးထင်အောင်ခိုင်က အရောင်းခန်းမသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြွရောက်လာကြသော ဧည့်သည်တော်များက အရောင်းခန်းမနှင့် သင်တန်းကျောင်း အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(ယာပုံ)**

ဖွင့်လှစ်ထား

Lucky Bird Co., Ltd. သည် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ၁၉၉၉ခုနှစ်မှစ၍ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့သည့်အပြင် Computer Service Centre ကိုပါ ဖွင့်လှစ်ခဲ့သည်။ ကွန်ပျူတာသုံးစွဲသူများအနေဖြင့် လိုအပ်သောပစ္စည်းများကို တစ်နေရာတည်းတွင် မှန်ကန်သော အရည်အသွေး၊ သက်သာသောဈေးနှုန်း၊ စိတ်ချယုံကြည်ရသော ဝန်ဆောင်မှု အာမခံစနစ်တို့ဖြင့် လွယ်လင့်တကူ ဝယ်ယူနိုင်ရန်အတွက် အရောင်းခန်းမသစ်နှင့် Service Centre ကို ဖွင့်လှစ်ထားသည်။

ထို့အပြင် ကွန်ပျူတာပညာရပ်များကို အခြေခံမှစ၍ စနစ်တကျ လေ့လာသင်ယူလိုသူများနှင့် ဘာသာစကားများ သင်ကြားလိုသူများအတွက်လည်း Ocean Gate Training Centre သင်တန်းကျောင်းကို ၂၀၀၅ခုနှစ် ဇန်နဝါရီလဆန်းမှ စတင်ဖွင့်လှစ်ခဲ့ပြီး Basic Computer၊ Internet and Email၊ DTP၊ Photoshot CS၊ ICT Carrier Level 1၊ PC Installation and Configuration၊ Network +၊ Auto CAD 2005နှင့် ဂျပန်စာ၊ အင်္ဂလိပ်စာ သင်တန်းပို့ချမှုများကို လက်တွေ့လုပ်ငန်းခွင်၌ အတွေ့အကြုံရင့်ကျက်သော သင်ကြားရေးအင်အားစုများဖြင့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

(သတင်းစဉ်)

❒ စာမျက်နှာ ၇ မှ

ရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲအစုအဖွဲ့(၅) ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲကို အရာရှိတည်းခိုဆောင်မြေညီထပ်၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်မှူးကြီးမောင်ပါ၊ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသော ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဗိုလ်မှူးချုပ် မျိုးမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့် (အငြိမ်းစား)နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းမင်းသန်း(အငြိမ်းစား)တို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ အခမ်းအနားမှူးက ပြည်သူ့အကျိုးပြုလုပ်ငန်း ကဏ္ဍအကြိုနီးနှော ဖလှယ်ပွဲတွင် တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၆၉ဦးရှိပြီး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အကြိုနီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲစတင်ကျင်းပကြောင်း ကြေညာသည်။

ရှေးဦးစွာ သဘာပတိ ဗိုလ်မှူးကြီးမောင်ပါက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနားမှူးက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ဒုတိယနေ့တွင် ကဏ္ဍများအလိုက် နီးနှောဖလှယ်ပွဲများ၌ ဆွေးနွေးကြမည့် ကိုယ်စားလှယ်၁၇ဦး၏ အမည်စာရင်းကို ဖတ်ကြားအတည်ပြုပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ အကြို နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲအစုအဖွဲ့(၅) ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲတွင် သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်မှူးကြီး မောင်ပါ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲ အစုအဖွဲ့(၄) လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲတွင် သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်သိန်းဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင် ရှင်းလင်းပြောကြားစဉ်။ (ကြေးမုံ)

ကနောင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇွန် ၂၆

ကနောင်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင် ၁၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ကျောင်းတိုက် ဆုထူးပန်ဆရာတော် သလ္လာအရှင်ပဏ္ဍိတ (အသင်း၏ဂုဏ်ထူးဆောင်နာယက)အား အမှူးထား၍ ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံများကို အသင်းဥက္ကဋ္ဌ ဦးစိုးထွေး ဖုန်း-၂၉၆၃၇၂၊ အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၂၄၂၀၇၂၊ တွဲဖက်အတွင်းရေးမှူး ဒေါ်စိန်သန်း ဖုန်း-၂၉၄၂၅၀၊ အကျိုးဆောင် ဦးဦးကြည်၊ ဒေါ်ကြည်ကြည်မြင့် (စာရင်းစစ်) ဖုန်း-၇၀၈၃၆၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုအဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းသတင်းစာရှင်းလင်းပွဲသို့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက၊ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ၏ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ မေးမြန်းချက်များကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ရှင်းလင်းပြောကြားကြပြီး နံနက် ၁၁နာရီတွင် သတင်းစာ ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၄) ဖြန့်ချိ

ရန်ကုန် ဇွန် ၂၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ် (၃၄)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏အယ်ဒီတာ့ ဒိုင်ယာရီ၊ ရေနက်ကွင်း အလေ့ကျပေါက်ပင်များကို အသုံးပြု၍ အဆင့်မြင့်နည်းပညာဖြင့် သဘာဝဇီဝမြေသြဇာ စတင်ထုတ်လုပ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ကားလမ်းဖောက်လုပ်ရေး ဘင်္ဂလားဒေ့ရှ် အဆိုပြု၊ မဟာမဲခေါင်စီမံကိန်းအတွက် အတိုင်ပင်ခံပညာရှင်များခေါ်ယူမည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဗီယက်နမ်ဝန်ကြီးချုပ် အမေရိကန်သို့ သမိုင်းဝင်ခရီးစတင်၊ အာရှဆူနာမီ၏ဂယက်၊ ဂျပန် ဂြိုဟ်တုဖုန်းစနစ်အလုပ်ဖြစ်၊ မင်းသားဘေယောင်ဂျွန်း ဆေးရုံတင်လိုက်ရ၊ အီဖယ်မျှော်စင်မှာ စေ့စပ်မယ့်တွမ်ခရုဇ်နှင့် သူ၏အချစ်သစ်ကေတီဟုမ်းစ်စသည့် နိုင်ငံတကာမျက်မှောက် သတင်းထူး သတင်းဦးများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media Houseဖုန်း-၅၄၈၈၈၀ က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီးဖြစ်သည်။ (က-ပ)

ဘာရာဇီးအသင်း ဗိုလ်လုပွဲတက်

နျူရင်ဘတ် ဇွန် ၂၆

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် ဂျာမနီအသင်းနှင့် ဘာရာဇီးအသင်းတို့ စနေနေ့ကယှဉ်ပြိုင်ကစားကြရာတွင် ဘာရာဇီးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

ဂျာမနီနိုင်ငံတောင်ပိုင်း နျူရင်ဘတ်မြို့တွင် အိမ်ရှင်အသင်းအပေါ်အနိုင်ရရှိသည့် ဘာရာဇီးအသင်းသည် မက္ကဆီကိုသို့မဟုတ် အစဉ်အလာအရ ပြိုင်ဘက်ဖြစ်သည့် အာဂျင်တီးနားအသင်းနှင့် ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ ကွန်ဖက်ဒရေးရှင်းဖလား ဗိုလ်လုပွဲကို လာမည့်ဗုဒ္ဓဟူးနေ့တွင် ဖရန့်ဖတ်မြို့၌ ကျင်းပမည်ဖြစ်သည်။

ရိုက်တာ။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) အကြိုညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အကြိုညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗိုလ်ချုပ်စောထွန်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)က ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် ချင်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦးတို့က ဆောင်ရွက်ကြသည်။ အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့မှ ဒုတိယအရာခံဗိုလ် မေသက်ပိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယအရာခံဗိုလ် စန္ဒာစိုးဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ●

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ

၂၀၀၅ - ခုနှစ်

ယနေ့ ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများတန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၁၂၈ သန်းကျော်ရှိ

ဘိန်းထုတ်လုပ်မှု ကိုးနှစ်အတွင်း ၈၈ ရာခိုင်နှုန်း၊ ဘိန်းစိုက်ပျိုးမှု ၈၁ ရာခိုင်နှုန်းကျဆင်း နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးဂိုဏ်းများ၊ ရောင်းဝယ်သူများ၏ လှုပ်ရှားမှုများ လျော့နည်းလာ

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun တို့ စက်ခလုတ်နှိပ်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးကြစဉ်။

(သတင်း-ရှေ့ဖုံး) (ကြေးမုံ)

* ၂၀၀၁ ခုနှစ်မှ စတင်ပြီး စိတ်ကြွရူးသွပ်ဆေး ပုံဆောင်ခဲ ဖြစ်သည့် အိုက်စ်များကို ဖမ်းဆီးရမိခဲ့၊
* ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ စိတ်ကြွရူးသွပ်ဆေး ပုံဆောင်ခဲ အိုက်စ်များကို ခုနစ်ကြိမ် ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း အလေးချိန် ၁၃၁၅ ကီလိုရှိ၊
* ယခုကဲ့သို့ အိုက်စ်များကို ဖမ်းဆီးရမိခဲ့သည့်အပြင် ၂၀၀၁ ခုနှစ်မှ စတင်ပြီး စိတ်ကြွရူးသွပ်ဆေး တစ်မျိုးဖြစ်သော ခေါင်းခါဆေးလို့ခေါ်သည့် Ecstasy ဆေးပြားများကိုလည်း ဖမ်းဆီးရမိခဲ့၊
* Ecstasy ဆေးပြား များကို ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ် အထိ လေးကြိမ် ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်းအရေအတွက် ၃၅၅ ပြားရှိ။